ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ စနေနေ့၊ (15-1-2011) (ဖြင့်၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများ၏ကျန်းမာရေးမလျှိုင် တောင့်တင်းစေရန် ကျန်းမာရေးအခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးထား

ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏ စိတ်ဓာတ်ပိုင်း၊ ရုပ်ပိုင်းကြံ့ခိုင်ရေး အချိန်ပြည့်တာဝန်ရှိ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ဘိုကလေးမြို့ မြို့သစ်ရပ်ကွက်ရှိ အဆိုပါဆေးရုံကြီး ဥပစာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာဝန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်တို့က ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

စက်မှုနိုင်ငံ ထူထောင်ရေးအတွက် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဟန်ချက်ညီညီဆောင်ရွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ အရေးကြီး

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများနှင့် မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ခင်းကျင်းပြသခြင်း အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ပြပွဲခင်းကျင်းပြသရာသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျွန်းချောင်း၊ မြန်အောင်၊ ရွာမ၊ မန်း(မင်းဘူး)၊ ရွှေတောင်၊ သထုံ၊ သာကေတ၊ အလုံနှင့် လှော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ တည်နေရာ၊ စက်ရုံသက်တမ်း၊ စက်တန်ဖိုးနှင့် ပြုပြင်မှုကုန်ကျစရိတ်၊ စက်တပ်ဆင်အင်အားနှင့် စက်အမျိုးအစား၊ အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ၊ ပြည်တွင်းမှ ဝယ်ယူရရှိသော စက်အရန်ပစ္စည်းများနှင့် ပြည်တွင်းတွင် ထုတ်လုပ်မည့် စက်အရန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

ကြေးမုံ The Mirror
၁၅-၁-၂၀၁၁
(စနေနေ့)

မြစ်ရောအနောက်ခြမ်းလမ်းမကြီး အဆင့်မြှင့်တင်

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ အကျိုးပြုသည်။ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းကွန်ရက်များ ဖောက်လုပ်ထားရာ နိုင်ငံ၏မြောက်ဖျားမှသည် တောင်ဘက်ဖျားအရပ်များသို့ သွားလာနိုင်ကြပြီ။ အရှေ့ဖျားမှသည် အနောက်ဖျားဒေသများအထိ အလွယ်တကူ ဆက်သွယ်သွားလာနိုင်လျက် ရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသည် စိုက်ပျိုးနိုင်သောမြေများ ကျယ်ပြန့်စွာရှိသည်။ အရှေ့ဘက်ခြမ်းဒေသများနှင့် ရေမြေရာသီဥတု မကွာလှသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယနေ့ကာလတွင် ဧရာဝတီမြစ်ကူး တံတားကြီးများ တည်ဆောက်ပေးနိုင်နေပြီ။ ပုသိမ်-မုံရွာကားလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ပြီ။ ရထားလမ်းသစ်ကွန်ရက်များလည်း တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပေပြီ။

ပုသိမ်-မုံရွာ လမ်းမကြီးကို ၁၉၆၉ ခုနှစ်ကပင် စတင်ဖောက်လုပ်ခဲ့သော်လည်း ကတ္တရာလမ်း မိုင်နှစ်ရာကျော်၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေသားလမ်းများရှိသည်။အချို့လမ်းသားများပျက်စီး၍ တစ်ဆက်တစ်စပ်တည်းသွားလာရေး အခက်အခဲရှိသည်။ ယခုသော် မိုင် ၄၅၀ ကျော်ကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပြီး ဇန်နဝါရီ ၁၁ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးသည် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သောလမ်းများအနက် အရှည်ဆုံးဖြစ်သည်။ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးလေးခုကို ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် မြို့နယ် ၁၆ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသည်။ အဆိုပါ လမ်းမကြီးနှင့် ဆက်စပ်နေသည့် မော်တော်ကားလမ်း ၁၅ လမ်းမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ကိုပါ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

ဧရာဝတီမြစ်ကြီးနှင့်အပြိုင် ကြံခင်း-ပခုက္ကူ-ကလေးရထားလမ်းကြီး ဖောက်လုပ်ပေးနေသည်။ ပုသိမ်-မုံရွာ လမ်းမကြီးကို ယခုကဲ့သို့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ရာ လမ်းဖြတ်သန်းရာဒေသတစ်လျှောက်မှ ပြည်သူများ ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူလာသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။ ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားအခြေအနေများ သိသာစွာ မြင့်မားလာပေတော့မည်။

ယနေ့အချိန်အခါတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူလာနေပြီ။ မော်တော်ကားလမ်းသာမက ရထားလမ်းကိုပါ အသုံးပြုသွားလာနိုင်ကြပြီ။ ဒေသထွက်ကုန်ပစ္စည်းများ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်နေပြီ။ လမ်းပန်းဆက်သွယ်မှု အခြေခံကွန်ရက်များ တိုးချဲ့ဆောင်ရွက်နိုင်မှုနှင့်အတူ မြစ်ရော အနောက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ဝေစည်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဌေးဦးအား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားမှ ဧည့်သည်အဖွဲ့တို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua သည် ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ဝန်ကြီးအား ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Goodel Trading Co., Ltd.ဥက္ကဋ္ဌ Mr. Park Yun Kun နှင့်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး GIS (Geographic Information System) စနစ် အသုံးပြုခြင်းအကြောင်း ရှင်းလင်းတင်ပြသည့် အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(မီးသတ်)

GIS စနစ် အသုံးပြုခြင်းအကြောင်း ရှင်းလင်းတင်ပြသည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

GIS (Geographic Information System) စနစ် အသုံးပြုခြင်းအကြောင်း ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အရာရှိကြီးများ၊ အောက်မြန်မာပြည်ကွပ်ကဲမှုရုံးမှ အရာရှိများ၊ မီးသတ်ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်းများမှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

ပြန်လည်ရှင်းလင်း

ရှင်းလင်းပွဲတွင် Myanmar Credent Technology မှ တာဝန်ရှိသူများက GIS အသုံးဝင်ပုံနှင့် သုံးစွဲမှုနည်းစနစ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ခင်စန်း(ဖျာပုံ) အားရည်စူး၍ အမှတ်(၄) အနောက်မေခလမ်းသွယ်(၂) (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်တင့်ဆွေ (အငြိမ်းစား) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ခြောက်ထပ်ဆေးရုံသစ်ကြီး အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

တာယာနှင့်ကျွတ် ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

Flying Wheel Industrial Limited စပါးနှံတာယာစက်ရုံက EVERFLYING ကုန်အမှတ်တံဆိပ်ဖြင့် အသစ်ထုတ်လုပ်လိုက်သော မော်တော်ဆိုင်ကယ် တာယာနှင့်ကျွတ် ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေးမြို့ Hotel Mandalay စပယ်ဖြူခန်းမ၌ ကျင်းပရာ Flying Wheel Industrial Limited မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဝင်းမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကုန်ပစ္စည်းအသစ်များ အကြောင်းကို အရောင်းနှင့်ဈေးကွက်မန်နေဂျာ ဒေါ်ဝေနှင်းဖြူက EVERFLYING မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်များအား အဆင့်မီပထမတန်းစား ရော်ဘာများကို အသုံးပြုထားပြီး ခိုင်ခံ့စွာ ပြုလုပ်ထားခြင်းကြောင့် မော်တော်ဆိုင်ကယ် စီးနင်းသူများအနေဖြင့် စိတ်ချယုံကြည်စွာ တပ်ဆင်အသုံးပြုနိုင်ကြောင်း၊ နေရာဒေသနှင့် ဆိုင်ကယ်အမျိုးအစားများပေါ်မူတည်၍ အရွယ်အစားအမျိုးမျိုး၊ ပန်းအမျိုးမျိုး ရှိကြောင်း၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများအဖြစ် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ထားကြောင်း၊ တစ်နိုင်ငံလုံးသို့ မှန်ကန်ချိုသာသော ဈေးနှုန်းများဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့ စာပေပညာရှင်များ လူမှုကူညီရေးအစီအစဉ်သို့ Flying Wheel Industrial Limited က ငွေကျပ်တစ်သိန်း လှူဒါန်းသည်။

(အပေါ်ဝဲပုံ)

EVERFLYING မော်တော်ဆိုင်ကယ် တာယာနှင့်ကျွတ်များကို အမှတ် (အေ-၄၊ စ/၁) ပန်းခြံလမ်း စံပြစက်မှုဇုန် (၁) ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၅၃၂၇၂၊ ၀၂-၅၄၁၀၅၊ ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၀၀၄၈၂နှင့် ၀၁-၇၃၁၀ ၀၄၈၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ထိုင်းနိုင်ငံ Board of Investment (BOI) မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းပြီး မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများ အလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် စားသောက်ကုန်လုပ်ငန်း၊ သကြားနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်း၊ လျှပ်စစ်နှင့် ဆက်စပ်သော ကိရိယာပစ္စည်းများလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးသုံး ပစ္စည်းကိရိယာများလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်ရန်နှင့် ရောင်းဝယ်မှုပြုလုပ်နိုင်ရန် ဆွေးနွေးကြမည် ဖြစ်သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/ စက်မှုအသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုသိမ်ကြီးမြို့နယ် ကွဲ့နဖားကျေးရွာအနီး မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကွဲ့နဖားကျေးရွာအနီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတား တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တံတားသံပေါင်များ တပ်ဆင်ပြီးစီးမှု၊ ကုန်းတွင်းပိုင်း Bore Pile နှစ်ခုနှင့် ရေလယ် Bore Pile တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ Steel Structure များ ဆောင်ရွက်ထားရှိမှု၊ စက်ပစ္စည်းများရောက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်ဖက်ချုပ်ဆိုထားသည့် စာချုပ်များအရ သတ်မှတ်ထားသည့် လုပ်ငန်းများ ပြီးစီးရမည့်အချိန်၌ မဖြစ်မနေပြီးပြတ်အောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရာသီဥတုအနေအထားအရ မိုးရာသီတွင် မြစ်ရေပြင်မြင့်တက်ခြင်းကြောင့် အချို့လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ရသဖြင့် ယခုကဲ့သို့ ပွင့်လင်းရာသီကာလမျိုး၌ လူအင်အား၊ စက်အင်အား အပြည့်အဝ အသုံးချကာ တွန်းတွန်းတိုက်တိုက် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ အချိန်ပြည့် ကြိုးစားဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းရှိ ကုန်းတွင်းပိုင်း Bore Pile တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများအသုံးပြု၍ ရေလယ်တွင် တည်ဆောက်နေသော Bore Pile ဆောက်လုပ်နေမှု၊ Steel Frame များ ဂဟေဆော်တပ်ဆင်ထားရှိမှုနှင့် Steel ပိုက်လုံးများ သယ်ယူရောက်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတင်တံတားသည် ချဉ်းကပ်လမ်းအပါအဝင် တံတားအရှည် ၈၀၄ ပေရှိကာ မြစ်ရေမျက်နှာပြင်အထက် ၃၃ ပေ အကွာထား၍ အပိုင်းသုံးပိုင်းခွဲပြီး ၂၀၁၁ခုနှစ် ဩဂုတ်လကုန်ပြီးစီးရေး ရည်မှန်းချက်ထား တည်ဆောက်နေကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးခင်မောင်တင်အား ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးခင်မောင်တင်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ယုအား မော်ရိုကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ဦးကျော်စွာမင်းအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးကျော်စွာမင်းအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ဦးမင်းလွင်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ (ပညာသင်နှစ်) ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းအားကစားကွင်း၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတံခွန်စိုက်ဒိုင်းဆုရရှိသည့် အရှေ့ပိုင်းခရိုင် (ခ)အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) အခြေခံပညာကျောင်းပေါင်းစုံ အားကစားပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပွဲတော်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ သက်ဆိုင်ရာ ကျောင်းအားကစားကွင်း/ရုံ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ မီနီ/ဂျူနီယာတင်းနစ်၊ ဂေါက်သီး၊ ရေကူး၊ စစ်တုရင်၊ ခရစ်ကက်၊ လွန်ဆွဲ၊ ဝူရှူး၊ ကျွမ်းဘား၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ အေရိုးဗစ်၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)၊ (၂)၊ (၃)၊ (၄) စသည့် အားကစားနည်း အမျိုး ၂၀ ပါဝင်ပြီး အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူလူငယ် အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း
ရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၁)**
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ပန်းတစ္ဆေ (နေတိုး၊ သက်မွန်မြင့်) (ဒါရိုက်တာ-မျိုးထူး)**
၁း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၃၂)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်တော်
၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၃၅ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၅ ၉။ ကုန်သွယ်သုတ
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၅ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၈)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူရွှင်တော်စတား
၂၂။ အင်္ဂလိပ်စာသုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၆)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၉)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၃၀ ကေဗွီ လှိုင်မြစ်ကျော် (အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ **ရွှေဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် စက်အရန်ပစ္စည်းများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာ မှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဦးခင်မောင်မြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားငွေ သုံးစွဲရမှု လျှော့နည်းသက်သာစေရေးနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်တိုးတက်လာစေရေးတို့အတွက် ပြပွဲကို ခင်းကျင်းပြသခြင်း ဖြစ်ကြောင်း ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက ပြပွဲခင်းကျင်းပြသရခြင်းရည်ရွယ်ချက်၊ ပြပွဲတွင် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း စုစုပေါင်း ၂၉၅ မျိုး ခင်းကျင်းပြသထားမှု၊ တစ်နိုင်ငံလုံးရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ကိုးရုံ၏ စက်ရုံဆိုင်ရာအချက်အလက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အသေးစား၊ အလတ်စားနှင့် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ကုန်ကျစရိတ်၊ ဓာတ်ငွေ့တာဘိုင်စက်များ၏ အရေးကြီးစက်ပစ္စည်းအစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာချုပ် ဒေါက်တာမောင်မောင်ကျော်က ၂၃၀ ကေဗွီ လှိုင်မြစ်ကျော်(အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်း တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ် ထူထောင်တည်ဆောက်နိုင်မှသာ ကြွယ်ဝချမ်းသာသော၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားသော၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေနိုင်မည် ဖြစ်ကြောင်း။

စက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ စွမ်းအင်ပင်ဖြစ်ကြောင်း၊ တိုးတက်မြင့်မားလာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ရှာဖွေ၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲ စသည့် ကဏ္ဍကြီးလေးရပ်ကို အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ် ပေါများသောနိုင်ငံဖြစ်သည့် အားလျော်စွာ စွမ်းအင်ရရှိမှု တိုးတက်လာစေရေးအတွက် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်း နှစ်ပိုင်းစလုံးတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ ကုန်းတွင်းသဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းတွင် တိုင်းပြည်အတွက် အားထားလောက်ဖွယ်ရှိသည့် သဘာဝဓာတ်ငွေ့သိုက်များကို အထိုက်အလျောက် တွေ့ရှိတူးဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ရှာဖွေတူးဖော်ရရှိလာသည့် သဘာဝဓာတ်ငွေ့များကို အခြားနိုင်ငံများသို့ တင်ပို့ရောင်းချသကဲ့သို့ ပြည်တွင်း၌လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် သုံးစွဲလျက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ယခုကဲ့သို့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးကြောင်း။

ထုတ်လုပ်ဖြန့်ဖြူး

နိုင်ငံအတွင်း ကျွန်းချောင်း၊ မြန်အောင်၊ မန်း၊ ရွှေတောင်၊ သထုံ၊ လှော်ကား၊ အလုံ၊ ရွာမ၊ သာကေတ စသည့် ဒေသများ၌ တည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ကိုးရုံတွင် စက်တပ်ဆင်အား ၇၀၂ ဒသမ ၉ မဂ္ဂါဝပ်ရှိသော စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက်များပြားလာသော လူဦးရေ၊ အဆင့်အတန်း မြင့်မားလာသော လူနေမှုဘဝ၊ ပြောင်းလဲလာသော နေထိုင်မှု ပုံစံတို့အရ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်ရရှိနိုင်သည့် လျှပ်စစ်စွမ်းအားများကို အပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲနိုင်ရေးသည် အထူးအလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်လာခဲ့ကြောင်း။

ထုတ်လုပ်ရေးအပိုင်းတွင် အဓိကကျသော ဤစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်ကိရိယာများ ကြံ့ခိုင်ရေးပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အရည်အသွေး ပြည့်ဝရေး လိုအပ်ချက်နှစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်များအား ရေရှည်စက်စွမ်းအားပြည့် လည်ပတ်သုံးစွဲနိုင်ရန် စက်သုံးစွဲမှု သက်တမ်းကာလ နှစ်စဉ်၊ လစဉ် စသည့် ကာလအလိုက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို တိတိကျကျဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

သတ်မှတ်ကာလများအလိုက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်သုံးစွဲနေခြင်းသည် ခြိုးခြံချွေတာခြင်း မဟုတ်သည့်အပြင် စက်ကိရိယာများ စွမ်းရည်ကျဆင်းခြင်းကို ဖြစ်ပေါ်စေနိုင်သဖြင့် စက်များကြံ့ခိုင်ရေး ထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာ မှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံအတွင်း ကျွန်းချောင်း၊ မြန်အောင်၊ မန်း၊ ရွှေတောင်၊ သထုံ၊ လှော်ကား၊ အလုံ၊ ရွာမ၊ သာကေတ စသည့်ဒေသများ၌ တည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုးရုံတွင် စက်တပ်ဆင်အား ၇၀၂ ဒသမ ၉ မဂ္ဂါဝပ်ရှိသော စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

၁၅ ရက် တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂) အမှတ် (၁၈) ကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ Damage, Reign of Fire, Shanghai, Attack Force, The 6th Day, Safe House, The Replacement Killers, When In Rome, Glitter, My One And Only, Bats: Human Harvest, Lies & Illusion, Alien Hunter စသည့် ဇာတ်ကားကောင်းများအား ကြည့်ရမည့်အပြင် (၈၃)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီး၏ ဆန်ခါတင်ရွေးချယ်ပွဲအား ကြည့်ရမည့်အစီအစဉ်၊ Star World ရုပ်သံလိုင်းတွင် တစ်နှစ်တာ၏ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများအား ရွေးချယ်ပေးမည့် 2011 Golden Globe Awards အား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်၊ ဂီတချစ်ပရိသတ်များအတွက် Channel V ရုပ်သံလိုင်း၏ အစီအစဉ်ကောင်းများ၊ TLC ရုပ်သံလိုင်းတွင် အလှမယ်များ၏ ကိုယ်ဝန်ဆောင်မှုများအကြောင်း ကြည့်ရမည့် Runway MOms Special အစီအစဉ်နှင့် ကလေးငယ်များ၏ ငယ်စဉ်ဘဝ လေ့လာသင်ယူမှုများအား ပြသမည့် Getting in Kindergarten အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် သမိုင်းတစ်ခေတ်၏ ထင်ရှားခဲ့သည့် လူသတ်ပွဲများ၏ နောက်ကွယ်မှ ဖြစ်ရပ်များအား ကြည့်ရမည့် Gladiators: Back From The Dead၊ အီဂျစ်ဘုရင်မ Hatshepsyt ၏ ပျောက်ဆုံးမှုအားပြသမည့် Secrets of Egypt's Lost Queen အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့်စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် Megacities, Lock Down, Is It Real, Second Form Disaster, Lonely Planet စသည့် အစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် တောင်အာဖရိက ခြင်္သေ့ဖြူများအကြောင်း ကြည့်ရမည့် The Lion Ranger အစီအစဉ်နှင့် ခက်ခဲလှသည့် ငါးမန်းဖမ်းဆီးသူများအား ပြသမည့် Shark Men: Dead Zone အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် ဘောလုံးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များနှင့် Australia Open Tennis Championship ပြိုင်ပွဲအား တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်၊ Mandalay FM ၏ သျှီနဲ့ရောက်တတ်ရာရာ အစီအစဉ်တွင် နားဆင်ရမည့် အနုပညာရှင် နေမျိုးဆေးအကြောင်းနှင့် Heart to Heart အစီအစဉ်တွင် နားဆင်ရမည့် တေးသံရှင်မို့မို့၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် (၅၈) ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲ အစီအစဉ်နှင့် 'မင်းအတွက်ဆိုရင်' ကိုရီးယားဇာတ်လမ်းတွဲသစ်အား ပြသမည့် ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာအစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network (၀၁-၇၃၀၆၀၃၁၅) မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850), 391186) သို့ မှာယူနိုင်သည်ဟု သိရသည်။(သတင်းစဉ်)



❍ စာမျက်နှာ ၄ မှ

ဤခေတ်အားပေး စက်ရုံများသည် တည်ဆောက်သုံးစွဲကာလ သက်တမ်းကြာမြင့်လာပြီဖြစ်သည့် အလျောက် လဲလှယ်သုံးစွဲရသည့် စက်ပစ္စည်းပမာဏ၊ အရေအတွက်၊ တန်ဖိုးများသည်လည်း များပြားလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်လာသော စက်အရန်ပစ္စည်းများကို ပြည်ပမှ အလွယ်တကူ တင်သွင်းဝယ်ယူသုံးစွဲနေခြင်းထက် ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့ကြောင့် အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီသော စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သကဲ့သို့ စက်ရုံတစ်ခုလုံးကိုပါ တည်ဆောက် တပ်ဆင်သုံးစွဲနိုင်သည့် Mother Industry မျိုးအထိ ရည်မှန်း ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း။

ထို့အပြင် ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးအတွက် စာတွေ့သင်တန်းများ ပို့ချခြင်း၊ လက်တွေ့လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကို စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်တွင်းအတတ်ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းလုပ်သားများဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်သည့် ကိုယ့်အားကိုယ်ကိုးနိုင်သော စက်ရုံအလုပ်ရုံများအဖြစ်သို့ ရောက်ရှိလာမည် ဖြစ်ကြောင်းဖြင့် အသေးစိတ် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးချုပ်သည် ၂၃၀ ကေဗွီ လျှပ်မြစ်ကျော်(အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း၏ အလုံဘက်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးခင်မောင်မြင့်က မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က ဘိုးပိုင်လုပ်ငန်းများ တာဝန်ယူ တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများနှင့် မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများပြပွဲကို ဇန်နဝါရီ ၁၃ ရက်အထိ ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် စက်အရန်ပစ္စည်းများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုအား ယင်းဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	ကဗျာပန်းဥယျာဉ်
၈း၂၅	၇။	တေးဂီတအစီအစဉ်
၈း၄၀	၈။	International News
၈း၄၅	၉။	"အမျိုးနှင့်မျိုး"
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။	Yan Can Cook
၁၂း၄၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၇)**
၁း၃၀	၇။	**"မဟော်သဓာ" (အပိုင်း-၁၅) (အားသစ်၊ ဗေလုဝ၊ ရော၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ ပပစိုးကြည်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)**
၂း၀၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၂း၁၀	၉။	"သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၂း၂၅	၁၀။	မူဟန်သွယ်သွယ်ဆိုကြမယ်
၂း၃၅	၁၁။	အတီးပြိုင်ပွဲ
၂း၅၀	၁၂။	International News
၃း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။	Myanmar National League MNL (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၆။	ယဉ်တစ်ကိုယ်မယ်
၇း၀၀	၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၄)**
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၁)**
	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၇)**
	၁၃။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၄။	အစီအစဉ်ပြီး၏။

တတိယအကြိမ် ဒင်္ဂုံရွှေအောင်လံ လက်ဝှေ့စိန်ခေါ်ပွဲ

တတိယအကြိမ် ဒင်္ဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး(၂၀၁၁) အောင်လံဗိုလ်လုပွဲများကို ဇန်နဝါရီ ၁၆ ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ရာ အလွတ်တန်း ဒင်္ဂုံရွှေအောင်လံအတွက် လက်ရှိထပ်ဆင့် အောင်လံဆုရှင် စောငမန်း (Ever Green) နှင့် ဖိုးကေ(မန္တလေး)၊ ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံအတွက် ထပ်ဆင့်ရွှေခါးပတ် ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် ရွှေခါးပတ်ချန်ပီယံ သတ္တိအောင် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး စိုးလင်းဦး (တောင်ကလေး/ မျိုးဇာနည်)က ဒေါနအောင်(အဖြူရောင်သွေးသစ်)နှင့် အထူးစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

လက်ရှိဒုတိယတန်း ဒင်္ဂုံရွှေအောင်လံရှင် (၂၀၁၀) လိုက်ဝိတ်တန်းရွှေခါးပတ်ချန်ပီယံ(၂၀၁၀)စိုးလင်းဦးသည် ယခုပြိုင်ပွဲ၏ အထူးဒင်္ဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်တွင် ဝါရင့်လက်ဝှေ့ကျော် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို အကွဲထိုး၍ ဗိုလ်လုပွဲတက်လာသည်။ တစ်ဖက်ခြမ်း ဆီမီးဖိုင်နယ်၌ လုံးချောလေး (ရက္ခဗျာလ)က ဒေါနအောင်ကို အမှတ်ပြတ်ဖြင့်နိုင်၍ ဗိုလ်လုပွဲတက်လာသည်။ သို့ဖြစ်၍ စိုးလင်းဦးနှင့် လုံးချောလေးတို့ အထူးဒင်္ဂုံရွှေအောင်လံ လုရမည်ဖြစ်သော်လည်း လုံးချောလေးက ကျန်းမာရေးအရ ပြိုင်ပွဲမဝင်နိုင်တော့သဖြင့် စိုးလင်းဦးက အလိုအလျောက် အောင်လံရရှိသွားမည်ဖြစ်သည်။ သို့ရာတွင် ပရိသတ်များအတွက် ပွဲကောင်းတစ်ပွဲ မပျက်ပြယ်စေရန် စီစဉ်သူများက စိုးလင်းဦးကို ဒေါနအောင်နှင့် အထူးစိန်ခေါ်ပွဲ ထိုးသတ်ပေးရန် တွဲဆိုင်းဆင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းပွဲများနှင့်အတူ စိန်ခေါ်ပွဲအဖြစ် ဒေါင်းသည်းချေ(ကျားမင်း)နှင့် မိုက်ခဲ ကျောက်ပွင့်(နိုင်ခရာ)၊ ရွှေခါးပတ်ချန်ပီယံ စောသဲမင်း(မိုးသောက်ကြယ်)နှင့် ခိုင်လင်းဦး(တောင်ကလေး)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောသာဖို (တောင်ကလေး)၊ စိုးမိုးအောင်(တောင်ကလေး)နှင့် သားစန်းနိုင်(နိုင်ခရာ)၊ အောင်သူရိန်(အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့် (Ever Green)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြိုင်ပွဲနေ့တွင် မွန်းလွဲ တစ်နာရီခွဲမှစ၍ အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ ကြိုပို့ယာဉ်စီစဉ်ထားကြောင်းနှင့် ဖုန်း-၃၈၇၆၅၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

သတင်းမှတ်စု - ဇင်လင်းထွန်း (မနုဖြူ)

လုံး ချော ကို အ လဲ ထိုး ၍ ဗိုလ် လု ပွဲ တက် လာပြီး စောငမန်း နှင့် စာရင်းဟောင်း ရှင်း အောင်လံလုရမည့် ဖိုးကေ။

ဒေါနအောင်နှင့် စိန်ခေါ်ပွဲနွှဲရမည့် စိုးလင်းဦး။

ပုသိမ်မြို့ အမှတ်(၂)အထက (ယခင်နေရှင်နယ်အမျိုးသားကျောင်း)ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ပုသိမ်မြို့ ရွှေစည်းခုံလမ်း ဗိုလ်တဲကုန်းနေ ဦးတင်သန်း-ဒေါ်ရည်ရည်သွင် (ဥပဒေ)၊ သားဗိုလ်ကြီးထက်လင်းမိသားစုက ကျပ်ငွေနှစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးအောင်ခနှင့် ကျောင်းသားဟောင်းကြီးများ လက်ခံစဉ်။

(၅၅၂)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော်   ဇန်နဝါရီ   ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

မလေးရှားနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်တွန်းထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိလှိုက်လှဲစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မလေးရှားနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားများ ခိုင်မာစေရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန် မိမိဆန္ဒပြုအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ်အာနီဖာအာမန်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အခိုင်အမာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တည်တံ့သွားမည်ဟု မိမိယုံကြည်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အဆွေတော်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ဘရာဇီးရေဘေး သေဆုံးသူ ၅၀၀ ကျော်အထိ မြင့်တက်လာ

ထရက်ဆိုပိုလစ်   ဇန်နဝါရီ   ၁၄

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ဖြစ်ပွားနေသော ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် ဇန်နဝါရီ ၁၄ ရက်အထိ သေဆုံးသူ ၅၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

ယနေ့အထိ မိုးဆက်လက်ရွာသွန်းနေသောကြောင့် ဘရာဇီး ကယ်ဆယ်ရေးသမားများသည် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသော သဘာဝဘေးဒဏ် ကျရောက်ရာဒေသများသို့ သွားရောက်နိုင်ရန် ရုန်းကန်ကြိုးစားနေကြရကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခုဖြစ်ပွားလျက်ရှိသော ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများသည် ဘရာဇီးနိုင်ငံ၏သမိုင်း၌ အဆိုးရွားဆုံး သဘာဝဘေးဒဏ်များထဲတွင် ပါဝင်ပြီး ရီယိုဒီဂျနေရိုးပြည်နယ် ဆာရာနာတောင်ကုန်းဒေသရှိ မြို့များကို ရွှံ့ညွန်ရေများ ဖုံးလွှမ်းခဲ့ရသည်။

ဘရာဇီး အာဏာပိုင်များ၏ ဇန်နဝါရီ ၁၃ ရက် ထုတ်ပြန်ချက်အရ သဘာဝဘေးဒဏ်ကြောင့် ရီယိုဒီဂျနေးရိုး ပြည်နယ်၌ သေဆုံးသူ ၄၉၅ ဦးအထိရှိခဲ့ပြီး လူပေါင်း ၁၃၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု အများဆုံးမြို့များသည် ရီယိုဒီဂျနေးရိုးပြည်နယ် မြောက်ဘက်ရှိ ဒိုဗာပရီဘာဂို၊ ပက်ထရိုပိုလစ်နှင့် ထရက်ဆိုပိုလစ်မြို့များဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုများကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီး ပမာဏတန်ဖိုးသည် ဒေါ်လာဘီလီယံပေါင်းများစွာ ရှိနိုင်ကြောင်း သိရသည်။ ***ရိုက်တာ။***

အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေး လက်ဘနွန်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမည် နိုင်ငံရေးအာဏာကို ပိုမိုချဲ့ထွင်နိုင်ရေး ဟစ်ဇ်ဘိုလာအဖွဲ့ ကြိုးပမ်းနေ

ဘေရွတ်   ဇန်နဝါရီ   ၁၄

ဝန်ကြီးချုပ် ဆာအက်ဒ်အယ်လ် ဟာရီရီ၏ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဟစ်ဇ်ဘိုလာအုပ်စု နုတ်ထွက်ခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် လက်ဘနွန်ခေါင်းဆောင်များက ဇန်နဝါရီ ၁၃ ရက်တွင် သဘောတူခဲ့ကြသည်။

လက်ဘနွန်ခေါင်းဆောင်များသည် ဇန်နဝါရီ ၁၇ ရက်တွင် ကနဦးတွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ကာ အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးကို စတင်လုပ်ဆောင်မည်ဖြစ်သည်။

သို့ရာတွင် ၂၀၀၅ခုနှစ် ဝန်ကြီးချုပ်ဟောင်း ရာဖစ်ခ်အယ်လ်ဟာရီရီလုပ်ကြံသတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂတရားရုံးတစ်ရုံးက ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တချို့ကို တရားစွဲဆိုနိုင်ဖွယ်ရှိရာ ယင်းပြဿနာကို ဖြေရှင်းပြီးမှသာ အစိုးရအဖွဲ့ ဖွဲ့နိုင်မည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံရေးသမားတစ်ဦးက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟက်ဆန်နက်စ်ရာလာ။

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဒ်ဟာရီရီ။

အီရန်နှင့် ဆီးရီးယား ကျောထောက်နောက်ခံပြု လက်ဘနွန်အစိုးရအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က ပြိုကွဲခဲ့ပြီး အစိုးရအဖွဲ့ထဲမှ ဟစ်ဇ်ဘိုလာနှင့် ၎င်း၏မဟာမိတ်အဖွဲ့များမှ ဝန်ကြီး ၁၁ ဦး နုတ်ထွက်ခဲ့ကြသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ၎င်း၏ မဟာမိတ်တစ်ဦးကို လက်ဘနွန်အစိုးရအဖွဲ့သစ်၌ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန်၊ နိုင်ငံရေးအာဏာကို တိုးချဲ့ရန် ကြိုးပမ်းနေကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံရေးပါတီများနှင့် ၎င်းတို့ကို အသီးသီးကျောထောက်နောက်ခံပြုထားသော ဒေသတွင်း နိုင်ငံများအကြား သဘောထားကွဲလွဲမှုများရှိနေခြင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် လူမျိုးရေးနှင့် နိုင်ငံရေးအရ ပြိုင်ဆိုင်မှုများဖြစ်ပေါ်နေသည်ကို ဖော်ညွှန်းနေသည်။

လက်ဘနွန်နိုင်ငံရေးအကျပ်အတည်းသည် အမေရိကန်ပြည်ထောင်စု ခေါင်းဆောင်များမှသည် အီရန်ခေါင်းဆောင်များအထိ ဂယက်ရိုက်ခတ်မှုရှိမည်ဖြစ်သည်။ ***ရိုက်တာ။***

နယ်စပ်ဒေသဆိုင်ရာ သဘောတူစာချုပ် တရုတ်နှင့် တာဂျီကစ္စတန် လက်မှတ်ရေးထိုး

ပေကျင်း   ဇန်နဝါရီ   ၁၄

တရုတ်နှင့် တာဂျီကစ္စတန်နိုင်ငံတို့သည် နယ်စပ်ဒေသဆိုင်ရာ သဘောတူညီချက်စာချုပ်တစ်ရပ်ကို ဇန်နဝါရီ ၁၃ ရက်က လက်မှတ်ရေးထိုးလိုက်ကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာရှအလယ်ပိုင်းရှိ တာဂျီကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ယခုကဲ့သို့ သဘောတူညီချက် ရရှိခြင်းဖြင့် ၁၉ ရာစုကတည်းက ပေါ်ပေါက်လာခဲ့သော နယ်စပ်ပိုင်နက်နယ်မြေ အငြင်းပွားမှုတစ်ရပ် အဆုံးသတ်သွားပြီဖြစ်သည်။ ထိုစဉ်က တာဂျီကစ္စတန်သည် ရုရှားဇာဘုရင်၏ ပိုင်နက်နယ်မြေအဖြစ် တည်ရှိခဲ့သည်။

တာဂျီကစ္စတန်ပါလီမန်သည် နှစ်နိုင်ငံနယ်စပ်ဒေသရှိ စတုရန်းမိုင် ၃၈၀(စတုရန်း ကီလိုမီတာ ၁၀၀၀) အကျယ်အဝန်းရှိ နယ်မြေကို တရုတ်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်ရန် ဇန်နဝါရီ ၁၂ ရက်က အတည်ပြုခဲ့သည်။ ယင်းကို လွှဲပြောင်းပေးသော နယ်မြေမှာ ပါမီယာတောင်တန်းဒေသရှိ လူနေကျဲပါးသော ဒေသဖြစ်သည်။ အဆိုပါနယ်မြေ၌ ဒေသခံလူဦးရေ မည်မျှရှိသည်ကို မသိရပေ။

နယ်စပ်ဒေသပိုင်နက်နယ်မြေဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက အတည်ပြု ပြောကြားသည်။

နယ်စပ်ဒေသရှိ နယ်မြေတစ်စိတ်တစ်ဒေသကို တရုတ်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို တာဂျီကစ္စတန်ရှိ အတိုက်အခံနိုင်ငံရေးသမားများက ကန့်ကွက်ခဲ့ကြသည်။ ***အင်တာနက်။***

ပီယက်နမ်၏ ယခုနှစ်ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ သတ်မှတ်

ဟန်နွိုင်း   ဇန်နဝါရီ   ၁၄

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ သုံးစွဲရန် သတ်မှတ်ထားကြောင်း၊ ယင်းမှာ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ကာကွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဗီယက်နမ်နိုင်ငံသုံး ဒေါင်ငွေ(ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ) သုံးစွဲရန် လက်ရှိကျင်းပနေသော (၁၁)ကြိမ်မြောက် ပါတီညီလာခံ၌ အတည်ပြုလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖန်ကျင်သန်းက သတင်းထောက်များအား ပြောကြားသည်။

နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်နိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များ၏ စွမ်းပကားကို မြှင့်တင်ရန် လိုအပ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဗီယက်နမ် ရေတပ်၊ လေတပ်၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အီလက်ထရွန်နစ်ထောက်လှမ်းရေး တပ်ဖွဲ့တို့ကို အဆင့်မြှင့်တင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စွမ်းပကားမြှင့်တင်နိုင်ရန် ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့တို့က အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ ရိုင်းမြစ်အတွင်း ဆာလ်ဖျူရစ်အက်စစ်များ သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းတိမ်းမှောက်

ဘာလင်   ဇန်နဝါရီ   ၁၄

ဆာလ်ဖျူရစ်အက်စစ်များသယ်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်း ဂျာမနီနိုင်ငံ ရိုင်းမြစ်အတွင်း၌ ကြာသပတေးနေ့က တိမ်းမှောက်ခဲ့ရာ အစိုးရအာဏာပိုင်များက ဥရောပ၏ အသုံးအများဆုံးရေကြောင်းလမ်းကို ပိတ်ထားခဲ့ရသည်။

သင်္ဘောပေါ်ပါ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးဆဲဖြစ်ပြီး အက်စစ်များယိုဖိတ်မှု ရှိ၊ မရှိကို မသိရသေးကြောင်း ဂျာမနီနိုင်ငံ ရေကြောင်းလမ်းကွပ်ကဲမှုဌာန၏ ဝက်ဘ်ဆိုက်တွင် ယမန်နေ့က ဖော်ပြထားသည်။

ယခု ကုန်တင်သင်္ဘောတိမ်းမှောက်မှုမှာ ဂျာမနီနိုင်ငံ ကိုးဘလင့်ဇ်မြို့တော်၏ တောင်ဘက် ကီလိုမီတာ ၃၀ (၁၉ မိုင်) ခန့်အကွာ ရိုင်းမြစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သင်္ဘောတိမ်းမှောက်ခဲ့ပြီးနောက် ရိုင်းမြစ်ရေလမ်းကြောင်းကို ပိတ်ခဲ့ရပြီး မည်သည့်အချိန်ထိ ပိတ်ထားရမည်ကို မပြောနိုင်သေးကြောင်း ရေကြောင်းအာဏာပိုင်များက ပြောသည်။

ဆာလ်ဖျူရစ်အက်စစ်ကို ဓာတ်မြေဩဇာထုတ်ရန်နှင့် သတ္တုရိုင်းသန့်စင်လုပ်ငန်းများ၌ အသုံးပြုသည်။ ကြေးနီသတ္တုများ သန့်စင်ရာတွင် အရေးပါဆုံးဓာတုပစ္စည်းလည်း ဖြစ်သည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ ရိုင်းမြစ်တွင်း၌ တိမ်းမှောက်ခဲ့သော ဓာတုပစ္စည်းတင်သင်္ဘောကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ၌ ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းပုလဲရောင်းချပွဲ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ အဆိုပါရောင်းချပွဲသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် လာရောက်၍ ခင်းကျင်းထားသော ပုလဲများကို ကြည့်ရှုစစ်ဆေးပြီး ပုလဲကုန်သည်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၄

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ကျင်းပသည်။

အဆိုပါ ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းဖက်စပ် ပုလဲကုမ္ပဏီများမှ ပုလဲလုံးရေ စုစုပေါင်း ၅၆၆၈၉ လုံး၊ အလေးချိန် ၃၀၄၀၈ ဒသမ ၄၅ မိုမီအား တင်ဒါအတွဲပေါင်း ၂၉၁ တွဲနှင့် ဈေးပြိုင်အတွဲပေါင်း ၃၀တွဲ ဖွဲ့စည်းတင်ပြရောင်းချခဲ့ရာ တင်ဒါစုစုပေါင်း ၂၅၅ တွဲနှင့် ဈေးပြိုင်အတွဲပေါင်း ၃၀ တွဲ စုစုပေါင်း ၂၈၅ တွဲအား ပုလဲကုန်သည်ကြီးများက ဈေးပြိုင်ပေး၍ ဝယ်ယူသွားကြသည်။

အကြိမ် (၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ၌ ပုလဲတွဲများ အများဆုံးဝယ်ယူသူ ဦးအောင်ကျော်အား ပြပွဲကျင်းပရေး ကော်မတီဝင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၃၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၃)**
၈း၄၀	SONY & Camera မိတ်ဆက်ပွဲနှင့် ဓာတ်ပုံရိုက်ပြိုင်ပွဲ
၈း၅၀	ပီတိလွှန်ကဲ. . . သရက်ချောင်းရဲ့ မြတ်ဆရာပူဇော်ပွဲ
၉း၁၀	ပုသိမ်မြို့အလှရှာပုံတော်
၉း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၁၀း၁၀	သွားမယ်စားမယ် (အဝစားဟော့ပေါ့နှင့်အသားကင်)
၁၀း၄၅	ပန်းချီပြခန်း (Going Together ပန်းချီပြပွဲ)
၁၁း၀၀	အထူးကုများအစီအစဉ် "အရိုးအဆစ်ရောဂါများ"
၁၁း၂၀	ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW)
၁၂း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဒါရိုက်တာဝိုင်းနှင့် တွေ့ဆုံခြင်း)
၁၂း၃၀	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၁၂း၄၀	ရန်ကုန်မြင်ကွင်းကျယ် (A Model of Strategic Human Capital Management ဆွေးနွေးဟောပြောပွဲ)
၁း၀၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၃း၀၀	ဓမ္မဒူတဓောရမှယဉ်ကျေးလိမ္မာ ဓမ္မပန်းကလေးများ
၃း၁၀	ရန်ကုန်မြင်ကွင်းကျယ် (Family Fun Fair)
၃း၂၀	MFF'S 2010 AWARDS ဆုပေးပွဲအခမ်းအနား
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၃)**
၄း၄၅	ရန်ကုန်မြင်ကွင်းကျယ် [၁၉၇၅-၈၀ B.A(Law))LL.B ဘွဲ့ရပုလဲရတု အထိမ်းအမှတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ]
၅း၀၀	Sports Diary
၅း၃၀	ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ ဆွမ်းကျွေးမင်္ဂလာအခမ်းအနား)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၅)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၇)**
၇း၂၀	Chatrium Dream Wedding Fair 2010 (Part-3)
၇း၄၀	၁၉၇၁-၇၅ ခုနှစ် သချ်ာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၈း၀၀	MRTV-4 သတင်း
၈း၃၀	**Kid's Show** (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ) (အပိုင်း-၁)
၉း၂၅	Barclays premier league (Man CityVs Wolverhampton)
၁၁း၂၅	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၁၁း၅၅	Barclays premier league (West Ham Vs Arsenal)
၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၄)**
၂း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၂း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်းအလှမွေးငါးများ)
၃း၀၀	ကုသိုလ်ဖြစ်ကျန်းမာရေး စစ်ဆေးခြင်း (Lumine Perfect Health)
၃း၂၀	World of Knowledge (Inside Super Truck Rally)
၄း၀၅	ရောင်စုံရသနီယွန်ည
၄း၄၀	ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စန်းဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၄း၅၀	သဘာဝအလှရတနာသစ်ခွကမ္ဘာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၉း၂၅	Chelsea	-	Blackburn	ESPN (Live)
	Man City	-	Wolverhampton	STAR SPORTS(Live)
၁၁း၅၅	West Ham	-	Arsenal	ESPN (Live)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

စပါးနှင့် မန်ယူ ပွိုက်ဟတ်လိန်းတွင် ပြန်ဆုံကြပြီ

ပရီမီယာလိဂ်ပွဲစဉ်(၂၃)

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်များ ရာသီဝက်ပြီးဆုံးချိန် တစ်ပတ်တာ ရပ်နားထားရာမှ ဒုတိယရာသီဝက်ရဲ့ အစပွဲစဉ်အဖြစ် ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၅ ရက်(ယနေ့ည)နဲ့ ဇန်နဝါရီ ၁၆ ရက်(တနင်္ဂနွေနေ့)တို့မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဘောလုံးရသ အပြည့်အဝခံစားကြရမယ့် စပါးနဲ့ မန်ယူတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုကို အားပေးကြည့်ရှုကြရဦးမှာပါ။

စပါး-မန်ယူ

စတုတ္ထနေရာက စပါးနဲ့ ပထမနေရာ



မန်ယူတိုက်စစ်ကို ဦးဆောင်လာမည့် ဘာဘာတော့ဗ်။

စပါးအသင်း၏ အဓိကတိုက်စစ်ကစားသမား ပက်လူချန်ကို။

က ရှုံးပွဲမရှိသေးတဲ့ မန်ယူတို့ ဆုံတွေ့တဲ့ပွဲက ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ပထမအကျော့ ဆုံတွေ့စဉ် စပါးနှစ်ဂိုးပြတ် ရှုံးထားပေမယ့် လက်ရှိအချိန်မှာ စပါးကွင်းလယ်က အကောင်းဆုံးပုံစံမှာ ရှိနေကြပါတယ်။ မန်ယူမှာ ပက်ဂျီဆန် မပါပေမယ့် ကျန်ကစားသမားတွေ လူစုံနေပါတယ်။ စပါးဟာ ပထမအကျော့ကရှုံးကြွေးကို ပြန်ဆပ်ဖို့ကြိုးစားလာမှာဖြစ်တာကြောင့် ပရီမီယာလိဂ်မှာ ရှုံးပွဲမရှိသေးတဲ့ မန်ယူ ဘယ်လိုလူအခင်းအကျင်းနဲ့ ပွဲထွက်ပြီး အိမ်ရှင်ကိုတုံ့ပြန်လာမလဲဆိုတာ စောင့်ကြည့်ရမှာပါ။

မန်စီးတီး-ဝုလ်ဗာဟမ်တန်

ဒုတိယနေရာက မန်စီးတီးဟာ ပထမနေရာက မန်ယူကို ဆက်လက်ဖိအားပေးနိုင်ရေးအတွက် ဒီပွဲကို အသေအချာ ပြင်ဆင်ကစားလာမှာပါ။ မန်စီးတီးတိုက်စစ်မှာ တီဗက်ဇ်နဲ့ အသစ်ခေါ်ယူထားတဲ့ အီဒင်ဒီဇီကိုတို့အတွဲကို မြင်တွေ့ရဖို့ရှိနေပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်မှုရှိနေတဲ့ မန်စီးတီးဟာ အဆင့်(၁၇)က ဝုလ်ဗာဟမ်တန်ကို အိမ်ကွင်းမှာ အနိုင်ယူပြီး အမှတ်ပြည့်ရယူသွားဖို့ ရှိနေပါတယ်။

ဝက်စ်ဟမ်း-အာဆင်နယ်

ဝက်စ်ဟမ်းက အဆင့်(၂၀)နဲ့ အာဆင်နယ်က တတိယနေရာမှာ ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ကစားသမားပိုင်း၊ ကစားကွက်၊ ရပ်တည်မှုအဆင့် အစစအရာရာမှာ ကွာဟလွန်းလှပါတယ်။ ဒါကြောင့် အာဆင်နယ်အဝေးကွင်းဖြစ်ပေမယ့် ပထမအကျော့ကထက်ပိုတဲ့ ဂိုးအရေအတွက် ရသွားနိုင်ပါတယ်။

ပွဲစဉ်(၂၃)ပွဲစဉ်များ
၁၅-၁-၂၀၁၁(စနေနေ့)
ည ၉း၃၀ နာရီ
ချယ်လ်ဆီး-ဘလက်ဘန်း
မန်စီးတီး-ဝုလ်ဗာဟမ်တန်
စတုတ်စီးတီး-ဘော်လ်တန်
ဝက်စ်ဘရွန်း-ဘလက်ပူးလ်
ဝီဂန်-ဖူလ်ဟမ်
ည ၁၂း၀၀ နာရီ
ဝက်စ်ဟမ်း-အာဆင်နယ်
၁၆-၁-၂၀၁၁(တနင်္ဂနွေနေ့)
ညနေ ၆း၃၀ နာရီ
ဘာမင်ဂမ်-ဗီလာ
ဆန်းဒါးလန်း-နယူးကာဆယ်
ည ၈း၃၅ နာရီ လီဗာပူး-အဲဗာတန်
ည ၁၀း၄၀ နာရီ စပါး-မန်ယူ

ဝင်းတင်(ကြေးမုံ)

စိုးတင့်နိုင်

ဆန်တာခရုဇ်နှင့် ရိုက်ဖီးလစ်တို့ကို မန်စီးတီး ထွက်ခွာခွင့်ပေးတော့မည်

မန်ချက်စတာ ဇန်နဝါရီ ၁၄

မန်ချက်စတာစီးတီးအသင်း မန်နေဂျာရောဘတ်တို မန်စီနီက တိုက်စစ်မှူး ဆန်တာခရုဇ်နှင့် တောင်ပံကစားသမား ရှောင်ရိုက်ဖီးလစ်တို့ကို အသင်းမှထွက်ခွာခွင့်ပြုမည်ဟု အတည်ပြုပြောကြားလိုက်သည်။

ပါရာဂွေးတိုက်စစ်မှူး ခရုဇ်သည် ၎င်းအား အင်္ဂလန်သို့ စတင်ခေါ်ယူခဲ့သော ဘလက်ဘန်းအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် သေချာသလောက်ရှိနေပြီး ရိုက်ဖီးလစ်ကိုမူ ဖူလ်ဟမ်၊ ဘာမင်ဂမ်နှင့် ဝက်စ်ဟမ်းအသင်းများမှ ခေါ်ယူဖွယ်ရှိသည်။

အဆိုပါ ကစားသမားနှစ်ဦးလုံးကို မန်စီးတီးအသင်း၏ နည်းပြဟောင်း မာ့ခ်ဟူချ်ကခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိနည်းပြ မန်စီနီ စိတ်ကြိုက်မတွေ့သော ကစားသမားများလည်းဖြစ်သည်။

"ကစားသမားတိုင်း ကစားချင်ကြတဲ့ အခြေအနေကို နားလည်ပေမယ့် ကစားခွင့်ပေးနိုင်ဖို့ကျတော့ ကျွန်တော့်အတွက် ခက်ခဲပါတယ်" ဟု မန်စီနီက ဆိုသည်။

အဒီဘာယောကိုမူ မန်စီနီက ဘာလော့တယ်လီ ဒူးဒဏ်ရာမှ ပြန်လည်မသက်သာမချင်း ထွက်ခွာခွင့်ပေးဦးမည်မဟုတ်ဟု သိရသည်။ ***အင်တာနက်။***

ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ်။

ဘင်ဖီကာနောက်ခံလူအတွက် နောက်ထပ်ကမ်းလှမ်းမှုအသစ် ချယ်လ်ဆီးပြုလုပ်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၄

ရှန်းကန်နေရသော ခံစစ်ကြောင်းအတွက် အင်အား ဖြည့်တည်းလိုနေသည့် ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာ နောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်အား ခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုအသစ်တစ်ရပ် ထပ်မံပြုလုပ်တော့မည်ဟု သတင်းတစ်ရပ်က ဆိုသည်။

ဂျာမန်ကလပ်ဒေ့ါမွန်မှ ဆားဘီးယားနောက်ခံလူ နီဗန်ဆူဗိုတစ်အား ခေါ်ယူရေး လက်လျှော့လိုက်ရပြီးနောက် ထိုသတင်း ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စောစောပိုင်းက ချယ်လ်ဆီးအသင်းသည် အသက်(၂၃)နှစ်အရွယ်ရှိ ဘင်ဖီကာကစားသမားအား ယူရိုသန်း၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရသည်။ သတင်းများအဆိုအရ ချယ်လ်ဆီးအသင်းသည် ယူရို ၂၄ သန်းတန်ဖိုးရှိ ငွေကြေးနှင့် ကစားသမားတစ်ဦးပါသော ကမ်းလှမ်းမှုအသစ်တစ်ရပ် ပြုလုပ်တော့မည်ဟုဆိုသည်။

ပြောင်းရွှေ့ကြေးအပြင် ထပ်ဆောင်းပေးမည့် ကစားသမားမှာ အသင်း၏ နောက်ခံလူ ပေါ်တီဂူနိုင်ငံသား ပေါ်လိုဖရဲရားဖြစ်သည်။

ဘင်ဖီကာအသင်းကလည်း ကစားသမားထံမှ ဥရောပထိပ်သီး တစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားလိုသည်ဟု တောင်းဆိုမှု လက်ခံရပြီးကတည်းက ထိုကစားသမားအား ယူရို သန်း၃၀ ဖြင့် လက်လွှတ်ဖွယ်ရှိသည်ဟု ဆိုသည်။

ဒေးဗစ်လူးဝစ်ဇ်အား ချယ်လ်ဆီးအသင်းအပြင် ၎င်း၏ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတစ်သင်း ဖြစ်သော မန်ချက်စတာစီးတီး အသင်းကလည်း ပစ်မှတ်ထား စိတ်ဝင်စားနေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

အင်တာနက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးလုပ်ငန်းတာဝန် မလွဲမသွေ အောင်မြင်ရမည်ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့် ကျရာကဏ္ဍအသီးသီးမှ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်

☆**ရှေ့ဖုံးမှ**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆေးရုံဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဆေးရုံအဆောက်အအုံရှိ မော်ကွန်းကမ္ပည်းကြေးပြားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ဆေးရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ခုတင်(၁၀၀)ဆေးရုံကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများထဲမှ အောင်မြင်ပြီးမြောက်ခဲ့သော လုပ်ငန်းကြီးတစ်ခုပင်ဖြစ်ကြောင်း၊ အလားတူ နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဆုံးရှုံးမှုများကြားမှ ပြန်လည်ထူထောင်နိုင်ခဲ့သည့် ဧရာဝတီသားများ၏ စိတ်ဓာတ်ကို ဖော်ပြနေခြင်းဖြစ်သည့်အပြင် **မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့**ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒလမ်းညွှန်ချက်နှင့်အညီ ပြိုပျက်သွားသော အဟောင်းအဟောင်းများနေရာတွင် မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် အသစ်အသစ်များကို ပြန်လည်ထူထောင်နိုင်ခဲ့သည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ နာဂစ်မုန်တိုင်းသင့်ဒေသများတွင် လပွတ္တာ ခုတင်(၂၀၀)ဆေးရုံကြီး၊ ဖျာပုံမြို့နယ် ခုတင်(၂၀၀)ဆေးရုံကြီးနှင့် ပြင်စလူမြို့နယ်ခွဲ (၂၅) ခုတင် ဆေးရုံတို့ကို ယမန်နှစ်အတွင်းက ဖွင့်လှစ်ခဲ့ပြီးနောက် ယနေ့ မော်လမြိုင်ကျွန်းဆေးရုံကြီးနှင့် ဤဆေးရုံကြီးတို့ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ရပ်ပင် ဖြစ်ကြောင်း၊ ဤဆေးရုံသစ်ကြီးများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မိမိတို့၏ ခရိုင်၊ မြို့နယ်များအတွင်းမှာပင် လက်လှမ်းတမီ ဆေးဝါးကုသနိုင်တော့မည် ဖြစ်သည့်အတွက် ဤဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမိုသာလွန်မြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း။

ဘိုကလေးမြို့နယ်တွင် မူလကမြို့နယ်အဆင့် ခုတင်(၅၀)ဆေးရုံသာ ရှိခဲ့ပြီး ယင်းဆေးရုံသည်လည်း နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ဆိုးရွားစွာ ထိခိုက် ပျက်စီးခဲ့ရကြောင်း၊ ဤဆေးရုံကြီး ဖွင့်လှစ်ပေးလိုက်သည့် အပြင် မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၃၃ ခုရှိနေပြီဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ခု၊ ကျေးရွာပေါင်း ၅၇၅ ရွာတွင် ရှိနေသည့် ပြည်သူလူထုသုံးသိန်းကျော်သည် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြင့်မားစွာ ရရှိခံစားလာကြတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်မှစပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလုံခြုံပြီး တရားဥပဒေစိုးမိုးမှု ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာအောင်၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသနည်းတူ ကျန်ပြည်ထောင်စုကြီး တစ်ဝန်းလုံးတွင်လည်း မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ မျက်မြင်ထင်ရှား တွေ့မြင်ခံစားနေကြရပြီ ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း အခြေအနေထက် သာလွန်ကောင်းမွန်အောင် ခုတင်(၂၀၀)ဆေးရုံ ငါးရုံ၊ ခုတင်(၁၀၀)ဆေးရုံ သုံးရုံ၊ ခုတင် (၅၀) ဆေးရုံငါးရုံ၊ (၂၅)ခုတင်ဆေးရုံ ၁၆ ရုံ၊ တိုက်နယ်ဆေးရုံ ၆၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂၀၃ ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၄၂ ခု၊ ဒေသန္တရကျန်းမာရေးဌာန သုံးခု၊ ကျောင်းကျန်းမာရေးအဖွဲ့ ကိုးဖွဲ့၊ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ တစ်ရုံနှင့် တိုင်းရင်းဆေးကုဌာန ၃၁ ခုအထိ ထူထောင်ပေးထားပြီး ဖြစ်ကြောင်း၊ ဒေသခံလူငယ်လူရွယ်များအနေဖြင့် ဒေသတွင်းမှာပင် ကျန်းမာရေးပညာများ လက်လှမ်းတမီ သင်ယူပြီး ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အလုပ်အကျွေးပြု ပါဝင်ဆောင်ရွက်နိုင်စေရန် အတွက် ဤတိုင်းဒေသကြီးအတွင်း သူနာပြုသင်တန်းကျောင်း နှစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအခြေခံအဆောက်အအုံပိုင်းရော၊ ကျန်းမာရေးဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ပိုင်းမှာပါ အလေးထားပြီး မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် လူ့သက်တမ်း မြင့်မားလာခြင်း၊ ရောဂါကြီးများ၏ ဘေးဆိုးကပ်ဆိုးမှ ကင်းဝေးလာခြင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းထား ကျဆင်းလာခြင်း၊ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာခြင်း စသည့် သိသာထင်ရှားသော ရလဒ်ကောင်းများ ဖြစ်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်း၊ ယခုလို ရရှိထားပြီးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အရှိန်အဟုန်ကောင်းများကို ထိန်းသိမ်းပြီး အမျိုးသားကျန်းမာရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်အောင်

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဝန်ကြီး ဦးသိန်းအောင်တို့ ဘိုကလေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)



ရုံးပိတ်ရက်...

Happy Wee...

ရန်ကုန် ဇန်နဝါရီ ၁၄

KMD Sales & Service Centre က Happy Weekend Road Show ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ KMD Sales & Service Centre တိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ အထူးဈေးရောင်းပွဲတော်တွင် Lenovo, Acer, HP, Dell, Prolink, Apple အစရှိသော Notebook Brand အစုံအလင်၊ မိသားစုသုံး Desktop Computer များ၊ Lenovo

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းရင်းဆေးရုံ တစ်ရုံနှင့် တိုင်းရင်းဆေးကုဌာန ၃၁ ခုအထိ ထူထောင်ပေးထားပြီး ဖြစ်ကြောင်း၊ ဒေသခံလူငယ်လူရွယ်များအနေဖြင့် ဒေသတွင်းမှာပင် ကျန်းမာရေးပညာများ လက်လှမ်းတမီ သင်ယူပြီး ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အလုပ်အကျွေးပြု ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဤတိုင်းဒေသကြီးအတွင်း သူနာပြုသင်တန်းကျောင်း နှစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအခြေခံအဆောက်အအုံပိုင်းရော၊ ကျန်းမာရေးဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ပိုင်းမှာပါ အလေးထားပြီး မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် လူ့သက်တမ်း မြင့်မားလာခြင်း၊ ရောဂါကြီးများ၏ ဘေးဆိုးကပ်ဆိုးမှ ကင်းဝေးလာခြင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းထား ကျဆင်းလာခြင်း၊ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာခြင်း စသည့် သိသာထင်ရှားသော ရလဒ်ကောင်းများ ဖြစ်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်း၊ ယခုလို ရရှိထားပြီးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အရှိန်အဟုန်ကောင်းများကို ထိန်းသိမ်းပြီး အမျိုးသားကျန်းမာရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်အောင် ဆက်လက် ဆောင်ရွက်ရင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်မှ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များကို မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ပြည့်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားကာ အလုပ်ကိုကြိုးစားပမ်းစားလုပ်ကိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာတောင့်တင်းရန် လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကို တစ်ဖက် တစ်လမ်းက အထောက်အကူပြု ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပညာရပ်ပိုင်းဆိုင်ရာများ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေအောင် အစဉ်လေ့လာသင်ယူနေကြရန် လိုအပ်သကဲ့သို့ ပြည်သူများအကြား ကျန်းမာရေးအသိပိုမိုကျယ်ပြန့်စွာ သိမြင်လာပြီး ကျန်းမာရေးသတိ ပိုမိုမြင့်မားလာအောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ကြောင်း။

မိမိတို့ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၌ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင်လည်း ပြည်သူလူထု စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုပြည့်ဝစေအောင် လှိုက်လှဲနွေးထွေးစွာ ဝန်ဆောင်မှုပေးကြရန် အရေးကြီးသကဲ့သို့ ကျေးလက်ဒေသများအထိ ကျန်းမာရေးပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်လည်း အရေးကြီးကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နာဂစ်မုန်တိုင်းလွန်ကာလတွင် ဆေးရုံသင်္ဘောကြီးများ၊ နယ်လှည့်ဆေးခန်းများ ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ခဲ့ကြပြီးဖြစ်သည့်အတွက် ကျေးရွာအရောက်ခရီးပေါက်အောင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှု၏ အရေးပါမှုကို ပိုမိုသိရှိနားလည်ထားမည်ဟု ယုံကြည်ကြောင်း။

ပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင်ကြံ့ခိုင်တောင့်တင်းစေရန် နိုင်ငံတော်အပိုင်းက လိုအပ်သည့်ကျန်းမာရေးအခြေခံ အဆောက်အအုံများ၊ ကျန်းမာရေးဝန်ထမ်းများကို ထူထောင်ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ဤအခြေခံအဆောက်အအုံများကို နိုင်ငံသားအားလုံး တန်းတူရည်တူ ဝေမျှခံစားနိုင်ကြစေရန် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသများ အပါအဝင် တိုင်းဒေသကြီးတစ်ခုလုံး လွှမ်းခြုံကျယ်ပြန့်လာစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများသည် ပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၄ နာရီကာလပတ်လုံး အချိန်ပြည့် တာဝန်ရှိနေသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကိုးထိုက်သော ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

Htoo Trading Co.,Ltd. ဥက္ကဋ္ဌ ဦးတေဇက ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်စောင့်ရှောက်

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ရည်ရွယ်ချက်မြင့်မြင့်မားမားဖြင့် ထူထောင်တည်ဆောက်ပေးထားခဲ့သော ဤဆေးရုံကြီးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ဂုဏ်ယူ မြတ်နိုးစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါ။ ဝန်ထမ်းများအနေဖြင့် မိမိတို့ ထမ်းဆောင်ရမည့်တာဝန်၊ ကျေပွန်ရမည့်ဝတ္တရား၊ ပြည့်ဝရမည့် အရည်အချင်းများကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်သွားကြပါ။ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး လုပ်ငန်းတာဝန် မလွဲမသွေ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်သန္နိဋ္ဌာန်စိတ်ဖြင့် မိမိတို့ ကျရာကဏ္ဍအသီးသီးမှ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် Htoo Trading Co., Ltd. ဥက္ကဋ္ဌ ဦးတေဇက ဆေးရုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ဆေးရုံရှိ ဆရာဝန်များ အင်တာနက် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ IP Star System Computer ငါးစုံ၊ ငွေကျပ်သိန်း ၁၂၀ တန် 100 KVA ဓာတ်အားပေးစက် တစ်လုံး၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိ လူနာတင်ယာဉ်နှင့် ဆေးရုံပြင်ဆင် ထိန်းသိမ်းရေး ငွေပဒေသာပင် ငွေကျပ်သိန်း ၃၀၀ တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးအောင်ထံပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို မြေဧရိယာ ၃၁ ဒသမ ၉ ဧကပေါ်တွင် တည်ဆောက်ထားပြီး စုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ ၅၇၄၄၀ ရှိသည်။

ဆေးရုံကို Htoo Trading Co., Ltd.က တာဝန်ယူဆောက်လုပ်ခဲ့ပြီး ဆေးရုံအဆောက်အအုံတွင် ပင်မဆောင်နှင့် လူနာဆောင် သုံးဆောင်ကို တည်ဆောက်ထားသည်။

ဆေးရုံတွင် ပြင်ပလူနာဌာန၊ အထွေထွေရောဂါကုသဆောင်၊ မီးယပ်၊ သားဖွားနှင့် ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင်တို့ ပါဝင်သည်။

ဘိုကလေးမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆိုးရွားစွာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် နိုင်ငံတော်က ယခုကဲ့သို့ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်၍ အသစ် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ရုံးပိတ်ရက်များတွင် ဝယ်ယူနိုင်ရန် Happy Weekend Road Show ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

KMD Sales & Service Centre က Happy Weekend Road Show ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ KMD Sales & Service Centre တိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ အထူးဈေးရောင်းပွဲတော်တွင် Lenovo, Acer, HP, Dell, Prolink, Apple အစရှိသော Notebook Brand အစုံအလင်၊ မိသားစုသုံး Desktop Computer များ၊ Lenovo Branded Desktop များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Printer, Scanner ,UPS စသော ကွန်ပျူတာဆက်စပ်ပစ္စည်းများကိုလည်း အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ငွေကျပ် ခြောက်သိန်းကျော် ရောင်းချခဲ့သော စွမ်းရည်မြင့် Acer 4741G Notebook (Core 13-380,2.53GHz, 2GB DDR3, 500GB HDD, nVidia 1GB graphic Card) ကို ငွေကျပ် ငါးသိန်းကျော်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Acer 4738z Notebook(P6200,2GB DDR3, 500GB) များကို ယခုအခါ အထူးဈေးနှုန်းအနေဖြင့် ငွေကျပ် ၃၇၉၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် Prolink Netbook ကို ငွေကျပ် နှစ်သိန်းလေးသောင်းကျော်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ CDMA RUIM ဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သော USB Internet Connector များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ငွေကျပ် ၈၀၀၀ တန် Pen Drive ကို ငွေကျပ် ၄၈၀၀ ဖြင့် နံနက် ၁၀ နာရီတွင် ဦးရာလူစနစ်ဖြင့် ရောင်းချပေးသွားမည့်အပြင် အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချထားသော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို Special Offer အစီအစဉ်အနေဖြင့် နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတွင် တစ်ကြိမ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Apple Ipod နှင့် Ipad လက်ဆောင် ပေးချင်သူများအတွက် မိမိနှစ်သက်ရာ စာသားများရေးထွင်း၍ ပေးပို့နိုင်သော အစီအစဉ်ကိုလည်း တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိရာ ထိုနေ့တွင် Apple ပစ္စည်းများကို ကြိုတင်စာရင်းပေးသွင်း၍ မှာယူနိုင်ပြီဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ် စုံစမ်းသိရှိလိုပါက KMD Sales & Service Centre (ပန်းဆိုးတန်းလမ်း ဆိုင်ခွဲ) ဖုန်း-၃၈၅၁၇၇ နှင့် ၂၄၅၁၈၀၊ မဟာဗန္ဓုလ ပန်းခြံလမ်း ဆိုင်ခွဲ ဖုန်း-၀၉-၈၃၀ ၁၀၃၇နှင့် ၈၃၀၃၇၇၈၊ မြေနီကုန်း ဆိုင်ခွဲ ဖုန်း-၅၀၂၂၄၄နှင့် ၅၀၃၅၁၁ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၇၀ - ၇၅)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၁၉၇၀ပြည့်နှစ်တွင် စတင်တက်ရောက်၍ ၁၉၇၅ ခုနှစ်တွင် ပညာရေးဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

၁၉၇၀-၇၅ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြကျော် ဖုန်း-၀၁-၅၆၆၆၁၄၊ ၀၉-၈၆၁၅၂၆၂၊ ဒေါ်သီတာဦး ဖုန်း-၀၁-၂၁၀၆၉၆၊ ၀၉-၅၁၃၈၀၃၄၊ ဦးဝင်းနိုင် ဖုန်း -၀၁-၂၂၂၁၉၃၊ ဦးညွန့်သန်း ဖုန်း-၀၁-၅၁၄၇၀၉၊ ဦးလှမြင့် ဖုန်း-၀၉-၅၁၀၀၈၆၉၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၆၀၀၇၉၊ ဦးကျော်ဝင်းမောင် ဖုန်း-၀၁-၅၄၈၅၂၇၊ဦးအောင်မြင့်စိန် ဖုန်း-၀၁-၅၄၁၆၈၅၊ ဒေါ်မိမိဆွေ ဖုန်း-၀၁-၅၁၅၀၀၇၊ ဦးစန်းလွင် ဖုန်း-၆၄၁၆၂၉၊ ဦးထွန်းဦးကျော် ဖုန်း-၀၉-၅၀၉၉၉၉၃၊ ဒေါ်သီသီလွင် (Ruby) ဖုန်း-၀၁-၂၉၄၆၅၀၊ ဒေါ်ရီရီမြင့် (Frida) ဖုန်း-၀၁-၃၇၄၆၅၇ နှင့် ဦးမြင့်ဦး ဖုန်း-၀၉-၅၁၃၀၃၃၀ တို့သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

❐ **ကျောဖုံးမှ**

မည်သူ့တိုက်တွန်းမှုမျှမပါဘဲ ကျွန်တော်တို့ တပ်ဖွဲ့ဝင်အားလုံးရဲ့ တူညီတဲ့သဘောဆန္ဒအရ အပ်နှံခဲ့ခြင်းဖြစ်ပါတယ်။

"ကျွန်တော်တို့အနေနဲ့ တောတွင်းဘဝကို နစ်မြုပ်ရာမှ ရုန်းမထွက်ဘဲ၊ အမှန်ကို အမှန်မမြင်ဘဲ အမှားကိုသာ အမှန်လို့ထင်ပြီး ကျေနပ်နေခဲ့ပါတယ်။ ဒါပေမယ့် နှစ်တွေကြာလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ထားခြင်းဟာ ကျွန်တော်တို့အတွက်၊ ဒေသခံပြည်သူများနဲ့ နိုင်ငံအတွက် အကျိုးမရှိကြောင်း သိရှိလာခဲ့ပါတယ်။ ဒါကြောင့် ဒီလက်နက်တွေကိုစွန့်ပြီး နိုင်ငံတော်က ယနေ့ဖော်ဆောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆောင်ရွက်ခြင်းသည်သာ စစ်မှန်ကောင်းမွန်တဲ့ ဒီမိုကရေစီလုပ်ဆောင်ချက်တွေပဲလို့ သဘောပေါက်နားလည်စွာနဲ့ လက်နက်တွေကို စွန့်လွှတ်လိုခြင်းပဲဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုကို ကျောသားရင်သားမခွဲခြားဘဲ တောင်ပေါ်မြေပြန့် တစ်သွေးတည်း တစ်သားတည်း မျှမျှတတနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေတာကို နေ့စဉ်နှင့်အမျှ တွေ့နေရပါတယ်။ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးတွေသတ်မှတ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်းညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာကို တွေ့နေရပါတယ်။

အကြွင်းမဲ့ယုံကြည်

"၂၀၀၈ ခုနှစ်က အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေဟာလည်း ကျွန်တော်တို့လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေး ရရှိကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ အပြုအမူနဲ့ စေတနာတွေအပေါ် ကျွန်တော်တို့အနေနဲ့ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီးဖြစ်ပါတယ်။ အခုချိန်ဟာ မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်နေချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ညီအစ်ကိုမောင်နှမ အားလုံးအတွက် အခွင့်အခါကောင်းလို့လည်း ပြောလို့ရပါတယ်။

"နိဂုံးချုပ်အနေနဲ့ အခုလိုကျွန်တော်တို့ အက်စ်အက်စ်အေ-အက်စ် (ဝမ်ယိန်း) အဖွဲ့မှ ငြိမ်းချမ်းရေးကို လက်နက်နဲ့ လဲလှယ်ခဲ့တဲ့အပေါ် သဘောထားကြီးစွာထားရှိပြီး စေတနာမှန်ကန်စွာဖြင့် လက်ခံပေးပါသော နိုင်ငံတော်အစိုးရအားလည်းကောင်း၊ တစ်ချိန်က မှားယွင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့လုပ်ရပ်များအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံကြတဲ့ နယ်မြေခံတိုင်းရင်းသားပြည်သူလူထုအားလုံးကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

လှိုက်လှဲစွာကြိုဆို

ယင်းနောက် ဒေသခံတိုင်းရင်းသူ ဒေါ်အေးမို့မို့ထွန်းက မြန်မာဘာသာဖြင့်လည်းကောင်း၊ ဒေါ်နန်းမွေဖောင်က ရှမ်းဘာသာဖြင့်လည်းကောင်း ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ ၎င်းတို့၏ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို တိုင်းမှူးထံ အပ်နှံသည်။ ဆက်လက်၍ တိုင်းမှူးက အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း) အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆန်၊ဆီ၊ အိမ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် တပ်ဖွဲ့ဝင်များသည် ရိုးရာအိုးစည်၊ ဗုံ၊ မောင်းများဖြင့် တပျော်တပါး စုပေါင်းကခုန်ကြသည်။

အဆိုပါ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခြင်း အခမ်းအနားတွင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာကြသည့် အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့သည် တပ်ဖွဲ့ဝင်ပေါင်း ၃၈ ဦးနှင့် မှီခိုသူမိသားစု ၂၁ ဦး စုစုပေါင်း ၅၉ ဦး၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းမျိုးစုံ ၇၁၀ နှင့် ကျည်ကတ်မျိုးစုံ ၃၄ ခုတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆန်၊ ဆီ၊ အိမ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၅ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၄

၆ ပေ ၆ လက်မရှိ ဧရာမရှားပါးလိပ်ကြီးတစ်ကောင် စစ်တွေကမ်းခြေတွင် တွေ့ရှိ၊ မြန်မာနိုင်ငံတွင် ကားထုတ်လုပ်ရန် ဂျပန်ကားကုမ္ပဏီ ၁၇ ခု မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမည်၊ ကိုးဘွဲ့ရဆရာတော် ကျောင်းတိုက်တွင် အခမဲ့တိုင်းရင်းမြန်မာဆေးခန်း ပြန်လည်ဖွင့်မည်၊ ကွမ်းပေါင်းထုပ်စား၍ သေသော်လည်း မန္တလေးလမ်းဘေးဆိုင်များ ကွမ်းပေါင်းထုပ်ရောင်းချဆဲ၊ မန္တလေးတွင် နိုင်ငံတကာအဆင့် ဘောလုံးကွင်း စတင်တည်ဆောက်၊ ကားအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်တော့မည်၊ စစ်တွေမြို့ ထူးခြားသည့် ရထားဆွဲပွဲ စည်စည်ကားကားကျင်းပ၊ ၁၉၆၂ နောက်ပိုင်း မပြိုင်ခဲ့သည့်မြင်း ၂၀၁၃ ခု ဆီးဂိမ်းတွင် မြင်းပြိုင်ပွဲ ပြန်ကျင်းပတော့မည်၊ စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်း (SDF) က ဂီရိမုန်တိုင်းသင့်ဒေသ၌ အိမ်အလုံး ၆၀၀ ပြုပြင်တည်ဆောက်၊ စာနယ်ဇင်းသမားဖြစ်ချင်သူများအတွက် ဆရာဇဝန၏ သတင်းစာသုံးမြန်မာစာ၊ အောင်မြင်ဖို့အတွက် ဘယ်သူသေသေ ငတေမာပြီးရောဆိုသူများအတွက် ဆရာလူထုစိန်ဝင်းက ဘာတွေပြောထားသလဲ၊ ဆရာပါရဂူပြောတဲ့ ပန်းချီဆရာအကြောင်း၊ ၂၀၀၉ ခုနှစ် အကယ်ဒမီဆုရမည့်သူတွေ၊ ကမ္ဘာသုံးအဆင့်မှ မှေးမှိန်လာတဲ့ အင်္ဂလိပ်ဘာသာစကား၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ နိုင်ငံတကာအဆင့်မီ Shopping Mall တည်ဆောက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ဘောလုံးခြောက်သင်း တစ်ပြိုင်နက်ကစားနိုင်မည့် မြက်ခင်းတုပါဝင်သော ဖူဆယ်ဘောလုံးကွင်း တည်ဆောက်လျက်ရှိ၊ ထားဝယ်ရေနက်ဆိပ်ကမ်း သံမဏိစက်ရုံ တည်ဆောက်မည်၊ မောင်သန်းဆွေ(ထားဝယ်)၏ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ တောင်ပိုင်း ဆူဒန်လွတ်လပ်ရေး ဆန္ဒခံယူပွဲ အိုဘားမားကြိုဆို၊ တောင်ကိုရီးယားနှင့် ဂျပန်စစ်ရေးလက်တွဲမည်၊အီရန်ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျ စသည့် ကမ္ဘာ့အရေး မြန်မာ့အရေး စုံလင်စွာဖြင့် News Watch(စောင့်ကြည့်)ဂျာနယ် ထွက်ရှိပြီဖြစ်သည်။ (သတင်းစဉ်)

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၂/၁၀)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၆/၁၀) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်(၁) တိုင်းဒေသကြီးရဲမှူးကြီးသူရတင်လှက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန္တာအောင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ ဒေသခံသင်တန်းသူ ၄၀ နှင့် ရှမ်းတိုင်းရင်းသူ လေးဦး စုစုပေါင်းသင်တန်းသူ ၄၄ ဦး တက်ရောက်ကြကြောင်းသိရသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အထက(၃) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်အောင်ချမ်းသာ (ရေကြောင်းတက္ကသိုလ် ပထမနှစ်)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ကြည်ဌေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး အသုံးပြုပုံ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် ဈေးသီးသန့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စက်ရေတွင်းဖွင့်

ဗန်းမော်မြို့နယ် မအူပင်ကျေးရွာ နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် ရေဂါလန် ၁၈၀၀ဆံ့ စက်ရေတွင်း ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မအူပင်ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဇော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဦးချမ်းအေး)-ဒေါ်ကြင်ဦး၊ ဦးဟုတ်-(ဒေါ်ကျင်မြ)တို့၏မြေး
ဦးကြူ(ဦးကြူမိသားစုဂျုံစက်)-ဒေါ်သန်းသန်းဌေးတို့၏တူသား
ဦးစိန်ဝင်း(Director, Lighthouse Enterprises Ltd.)-ဒေါ်မြမြသန်း တို့၏သားလတ်
မောင်ဇော်မင်းဦး(ခ)ဟန့်ဟန့်
Director, Royal Bridge Trading Co.,Ltd.
နှင့်
ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)-(ဒေါ်ခင်သန်း)၊
(ဦးဇော်ညွန့်-ဒေါ်ထူး)တို့၏မြေး
ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်(President, Earth Group of Companies)တို့၏သမီးငယ်
မခိုင်ချိုမြင့်(ခ)ငယ်ငယ်
Bachelor of Science in Business Administration(Marketing)
University of San Francisco. U.S.A

တို့၏ ၅-၁၂-၂၀၁၀ရက်(တနင်္ဂနွေနေ့) ရန်ကုန်မြို့ Signature Garden တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာမော်ကွန်းလွှာလက်မှတ်ရေးထိုးပွဲ၌မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒုတိယခရိုင်တရားသူကြီးဒေါ်မြင့်တွာ၊ တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော ဒေါ်ခင်ခင်ထားနှင့် ဒေါ်ဇာနည်နှင်းတို့အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာမျိုးသန့်နှင့် ဦးမြင့်ဦးတို့အားလည်းကောင်း၊ ၁၇-၁၂-၂၀၁၀ ရက် ဆီဒိုးနားဟိုတယ် Ballroom ခန်းမတွင် ကျင်းပပြုလုပ်သော စုလျားရစ်ပတ် ထိမ်းမြား လက်ထပ်မင်္ဂလာ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးကြပါသော ဦးသိန်းလှမော်၊ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် ကိုထွန်းလင်းဖြိုးတို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော မဇူူ (Zu Zu Collection) နှင့် မိုးကုတ်ပေါက်ပေါက်တို့အားလည်းကောင်း၊ မိတ်ကပ်အလှဖန်တီးပေးပါသော ဒီဇင်ဘာနှင်းနှင့် မိတ်ကပ်စိုးစိုးတို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ဓာတ်ပုံကိုရဲမြင့်လွင်နှင့် အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အန်တီဒေါ်ခင်ညိုအားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးပါသော တေးသံရှင်များနှင့် ဧည့်ခံဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Love အား လည်းကောင်း၊ ၅-၁၂-၂၀၁၀ရက် Signature Garden၊ ၁၁-၁၂-၂၀၁၀ ရက် အောင်ဆန်းတပ်ဦးတောရကျောင်း၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၁၇-၁၂-၂၀၁၀ ရက် Sedona Hotel တို့တွင် ကျင်းပပြုလုပ်သောမင်္ဂလာဧည့်ခံပွဲများသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဟိုတယ်မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းဦး(ခ)ဟန့်ဟန့်-မခိုင်ချိုမြင့်(ခ)ငယ်ငယ်

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဦးချမ်းအေး)-ဒေါ်ကြင်ဦး၊ ဦးဟုတ်-(ဒေါ်ကျင်မြ)တို့၏မြေး
ဦးကြူ(ဦးကြူမိသားစုဂျုံစက်)-ဒေါ်သန်းသန်းဌေးတို့၏တူသား
ဦးစိန်ဝင်း(Director, Lighthouse Enterprises Ltd.)-ဒေါ်မြမြသန်းတို့၏သားလတ်
မောင်ဇော်မင်းဦး(ခ)ဟန့်ဟန့်
Director, Royal Bridge Trading Co.,Ltd.
နှင့်
ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)-(ဒေါ်ခင်သန်း)၊ (ဦးဇော်ညွန့်-ဒေါ်ထူး)တို့၏မြေး
ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်(President, Earth Group of Companies)တို့၏သမီးငယ်
မခိုင်ချိုမြင့်(ခ)ငယ်ငယ်
Bachelor of Science in Business Administration(Marketing)
University of San Francisco. U.S.A

တို့၏ ၂၁-၁၂-၂၀၁၀ရက် (အင်္ဂါနေ့) ရန်ကုန်မြို့၊ Sedona Hotel(Ballroom)ခန်းမတွင် ကျင်းပပြုလုပ်သော ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မမေသက်ထွန်းအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော Khun Pompimol Klaytim နှင့် Khun Kroit တို့အားလည်းကောင်း၊ မိတ်ကပ်အလှဖန်တီးပေးပါသော ဒီဇင်ဘာနှင်းအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ဓာတ်ပုံကိုရဲမြင့်လွင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော အန်တီဒေါ်ခင်ညိုအားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးပါသော တေးသံရှင်များနှင့် ဧည့်ခံဖျော်ဖြေပေးပါသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Love အားလည်းကောင်း၊ မင်္ဂလာဆုမွန်တောင်းကဗျာရေးသားသီကုံးချီးမြှင့်ပေးပါသော ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)အားလည်းကောင်း၊ ၁၈-၁၂-၂၀၁၀ ရက် Chatrium Hotel၊ ၂၀-၁၂-၂၀၁၀ ရက် Inya Lake Resort Hotel နှင့် ၂၁-၁၂-၂၀၁၀ ရက် Sedona Hotel တို့တွင်ကျင်းပပြုလုပ်သောမင်္ဂလာဧည့်ခံပွဲများသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသောဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဟိုတယ်မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းဦး(ခ)ဟန့်ဟန့်-မခိုင်ချိုမြင့်(ခ)ငယ်ငယ်

ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရွှေကျင် ဇန်နဝါရီ ၁၄

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ (၈၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ရွှေကျင်မြို့နယ် ဓမ္မာရုံ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသက်(၈၀)နှင့်အထက် သက်ကြီးကန်တော့ခံများ၊ အခြေခံပညာကျောင်းသားများ အမှတ်စာရင်းဖြင့် သတင်းပို့၍ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

အင်းတော်စည်ပင် မြေယာရှုခင်းပြုပြင်

အင်းတော် ဇန်နဝါရီ ၁၄

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ကုန်သည်လမ်းနှင့် သာယာလမ်းထောင့် မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်အောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

အိုကေမြန်မာကုမ္ပဏီ၏ "OK BIG Sale" အထူးဈေးရောင်းပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

အိုကေမြန်မာကုမ္ပဏီ၏ " OK BIG Sale "အထူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံရှိ Excel Treasure Tower ကားဝင်း၌ ယနေ့ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဈေးဝယ်သူညှော့်ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် SANYO အမှတ်တံဆိပ် LCD TV၊ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို အထူးသက်သာသောဈေးနှုန်းဖြင့် သက်သက်သာသာ ရောင်းချပေး၍ အရေအတွက် ကန့်သတ်ထားသော်လည်း လက်မလည်အောင် ရောင်းအားကောင်းလျက်ရှိသည်။

အလားတူ SANYO Solar ဘက်စုံသုံး မီးအိမ်များမှာ အလင်းအားကောင်းကောင်းနှင့် အကြမ်းခံ၍ စာရေးစာဖတ်သူ ပရိသတ်များ ပိုမိုနှစ်သက်စွာ ဝယ်ယူလျက်ရှိသည်။ ထို့အပြင် ဈေးပွဲတော်ကာလအတွင်း အိမ်သုံး၊ လုပ်ငန်းသုံး Solar အပ်နှံဝယ်ယူသူများကို ကုမ္ပဏီဝန်ထမ်းများကိုယ်တိုင် လိုက်လံတပ်ဆင်ဝန်ဆောင်မှုပေးလျက်ရှိသည်။ SANYO အမှတ်တံဆိပ် ပရိုဂျက်တာများ၊ ကင်မရာများကလည်း ဝါသနာရှင်များ၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများကို များစွာဆွဲဆောင်လျက်ရှိသည်။

ဒေဝူးအမှတ်တံဆိပ် အဝတ်လျှော်စက်များကိုလည်း ယခု ဈေးပွဲတော်ကာလအတွင်း မူလပေါက်ဈေးထက် လျှော့ချရောင်းချပေး၍ အိမ်ရှင်မများ အထူးနှစ်သက်စွာ ဝယ်ယူအားပေးလျက်ရှိသည်။

ထို့အတူ စားသောက်ဆိုင်များ၊ စတိုးဆိုင်များတွင် မရှိမဖြစ် အသုံးပြုလျက်ရှိသည့် လုပ်ငန်းသုံး HQ Chest Freezer ကိုလည်း လုပ်ငန်းရှင်များအတွက် အထူးရောင်းချပေးလျက်ရှိသည်။

အိုကေမြန်မာကုမ္ပဏီ၏ အထူးဈေးရောင်းပွဲတော်ဖြစ်သည်နှင့် အညီ အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာမည်ကြီးတံဆိပ် အမှတ်အသား အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ Fancy ပစ္စည်းများကိုလည်း အရောင်းပြခန်းအသီးသီးတွင် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူ ရွှေပွဲလာပရိသတ်များ မိမိနှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

Excel အီလက်ထရွန်နစ်က Midea အမှတ်တံဆိပ် ထမင်းပေါင်းအိုး၊ မီးဖိုအပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ TOKYO PIPE ကလည်း ပိုက်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ၊ အာကာအီလက်ထရွန်နစ်နှင့် မောင်မောင်ထွန်း အီလက်ထရွန်နစ်တို့ကလည်း စပီကာမျိုးစုံ၊ Sound Box၊ မိုက်ကရိုဖုန်း အစရှိသည့် အော်ဒီယိုပစ္စည်းများ၊ လူငယ်ကြိုက် နာမည်ကြီး b'coz အမှတ်တံဆိပ် ဖက်ရှင်ဒီဇိုင်းများနှင့် သီးသန့်အပ်ထည်ဖက်ရှင် ဒီဇိုင်းအမျိုးမျိုး၊ Four Win Co.,Ltd. က Q.One အမှတ်တံဆိပ်အဆင့်မြင့် EVD များ၊ HDMI များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်၍ OK BIG Sale အထူးဈေးရောင်းပွဲတော်ကြီးကား အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်၊ အလှကုန်ပစ္စည်း၊ Fancy ပစ္စည်းများသာမက စားသောက်ကုန်များပါမကျန် ရောင်းချပေးနေ၍ အထူးစုံလင်လှသည်။ ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက် (စနေနှင့် တနင်္ဂနွေနေ့)တို့တွင် ဈေးဝယ်သူ ရွှေပွဲလာပရိသတ်များနှင့်အတူ Dancer အကအဖွဲ့များ၊ Model များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အဖြစ် ငွေကျပ်တစ်သောင်းမှ သုံးသိန်းအထိ ထည့်သွင်းထားသော နေ့စဉ်ဗလာမပါ ကံစမ်းမဲအစီအစဉ်ကလည်း ပရိသတ်များ စွဲမက်ဖွယ်ရာဖြစ်သည်။

သို့ဖြစ်၍ OK BIG Sale အထူးဈေးရောင်းပွဲတော်သည် ပရိသတ်များအတွက် မှတ်မှတ်ရရ အထူးဈေးရောင်းပွဲတော်တစ်ရပ်အဖြစ် ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အိုကေမြန်မာကုမ္ပဏီ၏ " OK BIG Sale "အထူးဈေးရောင်းပွဲတော်တွင် SANYO အမှတ်တံဆိပ် LCD TV၊ ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် ဆိုလာပြားများကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများ လာရောက်လေ့လာဝယ်ယူကြစဉ်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မကျီးကုန်း-ကုန်းသာမြေသားလမ်းဖောက်လုပ်နေမှုကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်ပြည့် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း(၁/၂၀၁၁)ကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ်(P) အခန်း အမှတ်(၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ(၂၀)သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀) KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ ရယူ၍ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာဘာသာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာမေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာဓမ္မမိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေဓမ္မမိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည်(၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။

အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။ ပုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။

မေးခွန်း ၁(ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေခွန်းကိုသေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။ သာဓကပြရမယ်ဆိုရင် - အောက်ပါတို့မှ လေးခုကိုရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်း ပေးထားတဲ့ ''ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်''တို့ကို ဖြေမယ်ဆိုရင် ''ရေး''သည် ပြုခြင်းပြကြိယာ၊ ''ကျက်''သည် ဖြစ်ခြင်းပြကြိယာ၊ ''တည်ရှိ''သည် ရှိခြင်းပြကြိယာလို့ ဖြေရမယ်။

မေးခွန်း ၁(ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့်တော့ သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ ရှိပါတယ်။

''ကဲ့သို့''ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

''မောင်မောင်ကဲ့သို့ မောင်လှလည်းစာတော်သည်။''လို့ ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ''မောင်မောင်စာကြိုးစားသကဲ့သို့ မောင်လှလည်း စာကြိုးစားသည်''ဆိုရင် မှားပါတယ်။ ''ကဲ့သို့''ကို''သကဲ့သို့'' အဖြစ် ပြောင်းလဲမရေးရပါ။ ''အတိုင်း''ဆိုတဲ့ ဥပမာပစ္စည်းကိုလည်း ''မောင်မောင် **<u>ပြောသည့်အတိုင်း</u>** မောင်လှလုပ်သည်။'' ဆိုရင်မှားပါတယ်။ ''အတိုင်း''ကို ''ပြော''ကြိယာနဲ့ တွဲသုံးထားလို့ နာမ်ပစ္စည်း မဟုတ်တဲ့အတွက် မှားပါတယ်။ ''မောင်မောင်အတိုင်း မောင်လှလည်း စာကြိုးစားသည်'' ဆိုတဲ့ ဝါကျမှ မှန်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

၂(က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ ''နံ့ရှား''ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာပါတဲ့အတိုင်း ''ရနံ့မွှေးကြိုင်သည်'' ဆိုပြီးတော့ ဖွင့်ရပါမယ်။

မေးခွန်း ၂(ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ဝေါဟာရရဲ့သုံးစွဲပုံ အနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ''ထည်ဝါ''ဆိုတဲ့ ဝေါဟာရကို ဝါကျဖွဲ့ရင် ''မိဖုရားခေါင်ကြီးမယ်နု ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ကျောင်းမှာ ''ထည်ဝါ''လှသည်။'' ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ''ပန်းလိုမွှေးပါစေ'' ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း ၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝင်္ကဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခု ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အလင်္ကာတစ်ခုကို သာဓကအနေနဲ့ ဖြေဆိုပြပါမယ်။ ''မျက်နှာငွေလ''ဆိုတဲ့ ရူပက အလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရားဝမ်းမြောက်ပါလေတော့ ဟူသော သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် ဂုဏ်ရည်တူဖြစ်သည့် မျက်နှာ(အနှိုင်းခံ)နှင့် ငွေလ(အနှိုင်း)တို့ကို ထပ်တူပြု ဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာ မြောက်ပါသည်။ လို့ဖြေရပါမယ်။ ဂုဏ်ရည်တူနာမ်နှစ်ခုကို ထပ်တူပြုဖွဲ့ဆိုထားတာဖြစ်တယ်။ ဒီစကားပြေမှာ ဗာရာဏသီမင်း၏မိဖုရားသည် သုဘဒ္ဒါအမည်သာ ဖြစ်တယ်။ စူဠသုဘဒ္ဒါမှာ ဆင်မဘဝက အမည်သာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာ မေးခွန်းများ ဖြစ်တယ်။ ပုဒ်ခွဲ(က)မှာ ဓမ္မမိဋ္ဌာန်မေးခွန်းတွေမေးထားတယ်။ ဓမ္မမိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံးအဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။

တောင်သူကြီးကဗျာမှ တောင်သူကြီး၏ဘဝနှင့် စိတ်ဓာတ်ဆိုတဲ့ မေးခွန်းကို ဖြေတဲ့အခါမှာ တောင်သူကြီး၏ စစ်သည်ဘဝ၊ မင်းမှုထမ်းကောင်းဘဝ၊ ယာလယ်လုပ်၍ တောမှာပျော်သည့် တောင်သူကြီးဘဝ၊ စီးပွားရှာတတ်သည့် တောင်သူကြီးဘဝ၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည့် လူပျိုကြီးဘဝစသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်နေရသူ ဖြစ်ကြောင်း၊ စစ်သည်ဘဝတွင် ခွန်အားကြီးမားပြီး ရန်ဟူသမျှမှာ ချေဖျက်နိုင်သည့် စွမ်းရည်ထက်မြက်သည့် စိတ်ဓာတ်ရှိသူ၊ အရှင်သခင်၏အမှုတော်ကို ကျေပွန်စွာထမ်းဆောင်လိုသည့် မင်းမှုထမ်းကောင်း စိတ်ဓာတ်ရှိသူ၊ မိမိနိုင်ငံကာကွယ်လိုသည့် စိတ်ဓာတ်ရှိသူ၊ အရေးတော်မရှောင်ထမ်းရွက်လိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ရှိသူ၊ တိုင်းပြည် ငြိမ်းချမ်းသည့်အခါ ယာလယ်လုပ်၍ တောမှာပျော်မွေ့လိုသူ၊ ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်သားငါးရှာ၊ ကိုယ်တိုင်ချက်ပြုတ်လျက် ဖော်ရွေခင်မင်စွာစေတနာဖြင့် ကျွေးမွေးလိုသည့် စိတ်ဓာတ်ရှိသူ၊ အလုပ်မရွေး ထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် ဘဝတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုသည့် စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ဘဝနှင့် စိတ်ဓာတ်တို့ကို ကဗျာစာသား အကိုးအကားများဖြင့် ယှဉ်တွဲဖော်ပြရေးသားရမှာဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ်(၂)ပိုင်းလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံ စနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာဖြစ်တယ်။ ဒါကြောင့် ကဗျာမေးခွန်းကိုသေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလားဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့အဖြေမျိုး ဖြစ်မှာပါ။ အမေးနဲ့အဖြေလွဲနေရင်တော့ အောင်မှတ်ရမှာ မဟုတ်ပါဘူး။ ကဗျာဖြေရင် အထူးသတိပြုရမယ့် အချက်ကတော့ သင့်လျော်ရာကဗျာစာသား အကိုးအကားများကို ထည့်သွင်းဖြေဆိုဖို့ပဲဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ထဲက မေးပါမယ်။

မေးခွန်း(၄)မှာ ပုဒ်ခွဲ(က)နဲ့(ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပုဒ်ခွဲ(က)က ဓမ္မမိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေစာအုပ်အမည်စတဲ့ စကားပြေဆိုင်ရာ အချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျ ဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၄) ပုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသသင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ၄(ခ) မေးခွန်းဖြစ်တဲ့ ''မိခင်သောက''စကားပြေမှ ဥပမာအလင်္ကာအဖွဲ့များအကြောင်း မေးခွန်းကို တင်ပြလိုပါတယ်။

ဒီစကားပြေမှာ ဥပမာအလင်္ကာဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာအဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏ သောကပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ခံစားချက်နှင့် ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန် ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်အမူအရာပြ ဥပမာအလင်္ကာ အဖွဲ့ကောင်းများ၊ စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောကခံစားမှု အရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ဝေဒနာ တိုး၍ဆိုး၍ ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှတတွတ်တွတ် မြည်တမ်းပုံတို့ကို စိတ်နားထဲ ကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန် ဖြစ်ပါတယ်။ အမေးနဲ့ အဖြေကိုက်ညီဖို့ အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပုဒ်ခွဲ(က)နဲ့(ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကိုကျေညက်နေအောင် လေ့လာထားရပါမယ်။

''အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့တကယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသည်မောင်မောင်လူနေလှလို့၊ ရွှေချသလိုပြောင်လိမ့်မယ်။'' ဆိုတဲ့စာသားကို စကားစပ် အနေနဲ့ဖြေမယ်ဆိုရင် စာသားဟာ ဦးပုညရဲ့ ရေသည်ပြဇာတ် အခန်း(၁) သို့တည်းမဟုတ် ရေသည်ယောကျ်ားစကားဆိုခန်း အဲဒီအခန်းထဲက ထုတ်နုတ်တဲ့စာပိုဒ်ဖြစ်ကြောင်း ပြောပြရပါမယ်။ ပြီးတော့စာပိုဒ်ကို ရေသည်ယောကျ်ားက ရေရောင်းထွက်လာတဲ့အချိန် ဗာရာဏသီမြို့မြောက်မျက်နှာအရပ်မှ ပင်ပန်းဆင်းရဲလှတဲ့ မိမိရဲ့ဘဝကို အားတင်းလိုခြင်းနဲ့ဆက်စပ်ပြီး တစ်ကိုယ်တည်းပြောဆိုသော စကားဖြစ်သည်လို့ ဖြေရမှာ ဖြစ်ပါတယ်။ ဒီအဖြေမှာ မည်သည့်အခန်း၊ မည်သူက၊ မည်သူ့အား၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အကြောင်းနဲ့စပ်လျဉ်းပြီး မည်သို့ပြောတယ်ဆိုတဲ့ စကားစပ်ရဲ့ အချက်အလက် (၆)ချက်စလုံး ပါဝင်တာကို တွေ့ရပါမယ်။ စကားစပ် (၆)ချက်ကို ပြည့်စုံအောင်ဖြေနိုင်ရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့် အချက်အလက်တွေ ရှိပါတယ်။

မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁) အခန်း(၂)စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ားစကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ နံနက်နဲ့ မွန်းတည့် နှစ်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျ မဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာ ဖြစ်တယ်။ ဥပမာ - ရေသည်ယောကျ်ားနှင့် ဥဒယမင်းကြီး ဥယျာဉ်ကစားထွက်ချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် ခွင့်ပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့အဓိပ္ပာယ်ကိုဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့အထူး လိုအပ်ပါတယ်။ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

❁ စာမျက်နှာ ၁၅ မှအဆက်

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ဇာတ်လမ်းအဖြစ်အပျက်ပိုင်းနှင့် ဇာတ်ဆောင်စရိုက်အဖွဲ့ဟူ၍ နှစ်ပိုင်းခွဲလို့ ရပါတယ်။

ဇာတ်လမ်းအဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်ဆိုပြီး ပြဇာတ်စာသားအကိုးအကားထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။ သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းတစ်ခုကို ဖြေဆိုပြပါမယ်။ ဆိုကြပါစို့။ ရေသည်မိန်းမရဲ့ ရုပ်အသွင်အပြင်၊ အပြင်အဆင်နဲ့ ဘဝအခြေအနေ (၃)ပိုင်း မေးထားတဲ့အတွက် (၃)ပိုင်းစလုံး ပါအောင် ဖြေတတ်ရပါမယ်။ မူရာတော်နွဲ့နှောင်းနဲ့ ရေရောင်းတဲ့ရုပ်အသွင်၊ ရေအိုးကိုခေါင်းမှာရွက်ပြီး ရေရောင်းထွက်တဲ့ရုပ်သွင်၊ တမာသီးလောက်ဆံထုံးလေးထုံးထားတဲ့ရုပ်သွင်၊ အစပ်တစ်ရာအဖာဗရပျစ်နဲ့ ညစ်နေတဲ့ထဘီကို ဝတ်ဆင်ရတဲ့အဆင်အပြင်၊ အစားအသောက်အနေအထိုင် အလွန်ဆင်းရဲတဲ့ ဘဝအခြေအနေ၊ နှစ်သက်လောက်သူမတွေ့၍ အပျိုကြီးလုပ်ကာ မိမိငွေလေးရွေးအတွက် ကြိတ်ပူနေရတဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီးဖြေပေးရမှာ ဖြစ်တယ်။ ရေသည်မိန်းမ ဆင်းရဲပုံအကြောင်းလောက်ပဲ ဖြေရင် မပြည့်စုံပါဘူး၊ ဂုဏ်ထူးမှတ်ရချင်ရင် မေးတဲ့အချက်အကုန်ပါအောင် ဖြေတတ်ဖို့ အလွန် အရေးကြီးလှပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်း ဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခု ထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

(က) မိုးဦးကာလကျောင်းဖွင့်ချိန်၊ (ခ) မြတ်ဆရာ၊ (ဂ)မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ဆိုပြီး သုံးပုဒ် ပေးထားပါတယ်။ အဲဒီ ၃-ပုဒ်ထဲက ၁-ပုဒ်ကို သာဓကအနေနဲ့ ဖြေဆိုကြည့်ရအောင်။

"မိုးဦးကာလကျောင်းဖွင့်ချိန်" စာစီစာကုံးခေါင်းစဉ်ရဲ့အောက်မှာ ပုံကြမ်းအချက်အလက်တွေပါပါတယ်။ ပထမအချက်က နွေကာလမှမိုးဦးကာလသို့ ကူးပြောင်းလာချိန် ခံစားချက်၊ ဒုတိယအချက်က မိုးဦးကာလ တောတောင်ရေမြေ သဘာဝရှုခင်း၊ တတိယအချက်က ကျောင်းသူကျောင်းသားတို့၏ ကျောင်းဖွင့်ချိန် မြင်ကွင်း၊ စတုတ္ထအချက်က ဆရာဆရာမများ၏ စာပေသင်ကြားနေကြသည့်မြင်ကွင်း စသည်တို့ ဖြစ်တယ်။

စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသူ ကျောင်းသားများဟာ ပေးထားတဲ့ပုံကြမ်းကို အခြေခံပြီး နိဒါန်း၊ စာကိုယ်၊ နိဂုံး အချိတ်အဆက်မိအောင် ပုံကြမ်းအချက်အလက်တွေကို တစ်ချက်ချင်း အကျယ်ချဲ့ရေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပြောတဲ့အတွက်ကြောင့်မို့လို့ ပုံကြမ်းအပြင် တခြားအချက်တွေထည့်ပြီး မရေးရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ တခြားအချက်တွေ ရှိရင်လည်း ထည့်သွင်းပြီးတော့ ရေးနိုင်ပါတယ်။ နှုတ်ပြောစကားနဲ့ရေးရင် အောင်မှတ်မရနိုင်ဘူးဆိုတာ သတိပြုသင့်တယ်။ ပုံကြမ်းအချက်အလက်တွေရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကို အသုံးပြုပြီး ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ် ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များကိုလည်း ထည့်သွင်းပြီး ရေးလို့ရပါတယ်။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ အတွေးအခေါ် အတင်အပြမျိုးဖြစ်ပြီး အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

စာစီစာကုံးကောင်းတစ်ပုဒ်ရေးနိုင်ဖို့အတွက်ကတော့ ကြိုတင်လေ့ကျင့်ရေးသားခြင်းတော့ ရှိရပါမယ်။ သူများရေးထားတာတွေကို ကျက်မဖြေသင့်ပါဘူး။ စာစီစာကုံးဖြေရာမှာ မိမိတစ်ဦးတည်းရဲ့ အကြောင်းကို ရေးရန်မဟုတ်။ သဘောတရားကို ရေးရန်ဖြစ်တယ်။ ဥပမာ- မြတ်ဆရာ အကြောင်းရေးရင် မိမိတစ်ဦးတည်းရဲ့ ဆရာအကြောင်းမဟုတ်ဘဲ တပည့်များအားလုံးရဲ့ ဆရာများရဲ့ သဘောတရားကို ရေးရမှာဖြစ်တယ်။ မိုးဦးကာလ ကျောင်းဖွင့်ချိန်ဆိုရင်လဲ ကျောင်းသားများအားလုံးရဲ့ အတွေးအမြင်၊ အတွေ့အကြုံ၊ အများနဲ့ဆိုင်တဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ စာစီစာကုံးဟာ ကျောင်းသားများရဲ့ မြန်မာစာပင်ကိုစွမ်းရည်ကို အကဲဖြတ်ခြင်းဖြစ်တဲ့ အပြင် အမှတ်အများဆုံးရတဲ့အတွက် ဂုဏ်ထူးရအောင် အထူးလေ့ကျင့်ကြိုးစားကြပါ။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်း သတ်ပုံမှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှုကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သား လှပသေသပ်ရမယ်။ မေးခွန်းနဲ့ အဖြေ လွဲမှားမှုမရှိအောင် ဂရုစိုက်ရမယ်။ ဖြေပြီးတဲ့ မိမိအဖြေလွှာကို ပြန်စစ်ကြည့်ရမယ်။ စာရွက်အပိုတွေ အပြည့်အစုံ ပါမပါ၊ အစီအစဉ်ကျမကျ ပြန်စစ်ဆေးဖို့ အထူးလိုအပ်ပါတယ်။ အခု ဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ပြည်ပသာသနာပြု အလှူရှင်အပေါင်းတို့ခင်ဗျား
နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်

တစ်ကမ္ဘာလုံး ကူးလူးဆက်သွယ်မှုလျင်မြန်သော ယနေ့ခေတ်တွင် အများသုံး အင်္ဂလိပ်ဘာသာစကားဖြင့် ဗုဒ္ဓတရားတော်များကို ကမ္ဘာ့လူသားအားလုံးအတွက် ဖြန့်ဝေရန် လိုအပ်နေပြီဖြစ်ပါသည်။

ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းရန် သာသနာရေးဝန်ကြီးဌာနက အင်္ဂလန်နိုင်ငံသို့ ပညာသင် ငါးပါးစေလွှတ်ခဲ့ရာ MA ဘွဲ့များရရှိခဲ့ကြပြီး နှစ်ပါးသည် လန်ဒန်တက္ကသိုလ်တွင် Ph.D တန်း အဆင့်မီသဖြင့် ဆက်လက်တက်ရောက်ရန် အသင့်ရှိနေပြီဖြစ်ပါသည်။

အဆိုပါ အရှင်မြတ်နှစ်ပါး၏ ပညာသင်စရိတ်လေးနှစ်စာအတွက် ပေါင်စတာလင် ၉၆၀၀၀ (ကိုးသောင်းခြောက်ထောင်)တစ်ကြိမ်တည်း ပေးသွင်းရန်ရှိပြီး တစ်ပါးစီအတွက် အထွေထွေစရိတ် တစ်နှစ်လျှင် ပေါင် ၃၀၀၀ (သုံးထောင်)နှုန်းဖြင့် နှစ်ပါးအတွက် ပေါင် ၁၀၂၀၀၀(တစ်သိန်းနှစ်ထောင်)ကို တစ်ကြိမ်တည်းပေးသွင်းရန် လိုအပ်မည်ဖြစ်ပြီး ကျန်သုံးနှစ်အတွက် တစ်နှစ်လျှင် ပေါင် ၆၀၀၀ (ခြောက်ထောင်)စီ ထောက်ပံ့လှူဒါန်းရန်ရှိပါသည်။

ပြည်ပသာသနာပြု ပညာပါရမီကုသိုလ်တော် ဆည်းပူးလိုသော အလှူရှင်များ အနေဖြင့် သဒ္ဓါတရားနည်းများမဆို မိမိတို့တတ်နိုင်သမျှ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး ဦးမြင့်ဦး (ဖုန်း-၀၆၇-၄၀၆၀၀၈)၊ ဖက်စ် ဖုန်း-၀၆၇-၄၀၆၀၂၀သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဖိတ်ကြားခြင်း

ဗိုလ်သင်တန်းအမှတ်စဉ်(၃၁) (သီဟတပ်ခွဲ)၏ နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ ။ ၆-၂-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
အချိန် ။ ၁၈း၀၀နာရီ
နေရာ ။ ကုန်းမြင့်သာစားတော်ဆက်
အမှတ်(၆၉-က)၊ (၇)မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်

အလုပ်အမှုဆောင်အဖွဲ့

နှစ်ဦးအထူးတရားပွဲ

(က) ၁၈-၁-၂၀၁၁ ရက်(အင်္ဂါနေ့)မှ ၁၉-၁-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့)ထိ	ဦးသုမင်္ဂလ (ဒယ်အိုးဆရာတော်၊ မင်္ဂလာတိုက်၊ မှော်ဘီ)
(ခ) ၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့)	မေတ္တာရှင်အရှင်ဇဝန (ရွှေပြည်သာ)
(ဂ) ၂၁-၁-၂၀၁၁ ရက် (သောကြာနေ့)	ဒေါက်တာကိတ္တိဗလ-စစ်ကိုင်း
(ဃ) ၂၂-၁-၂၀၁၁ ရက် (စနေနေ့)	အရှင်ခေမိန္ဒ(စစ်ကိုင်း-ခင်မကန် ဆရာတော်)
(င) ၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့)	အရှင်သောဘဏ၊ ရွှေမြင့်မိုရ် ဆရာတော်

အချိန် - ညစဉ် ၇ နာရီ
နေရာ - ဇမ္ဗူသီရိဗိမာန်တော်
လမ်းညွှန် - တံတားလေးလမ်း၀ (န၀ဒေးရုပ်ရှင်ရုံရှေ့)မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အလှူရှင်၊ စေတနာရှင်များသို့ ပန်ကြားနှိုးဆော်လွှာ

လေးစားအပ်ပါသော အလှူရှင် စေတနာရှင်မိဘပြည်သူအပေါင်းနှင့် အဝေးရောက် မြောင်းမြသူ/မြောင်းမြသားများ၊ မြို့ပေါ်ရှိ မြို့သူမြို့သားအပေါင်းတို့ခင်ဗျာ-

ကျွန်တော်များ မြောင်းမြမြို့၏ ကျက်သရေဆောင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်တော်မူသော ရွှေသာလျောင်းဘုရားကြီးသည် ယခုအခါ နှစ်ပေါင်း(၉၅)နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါ၍ မြတ်စွာဘုရားကြီး၏

(၁) ကိုယ်လုံးတော်မှ ရွှေများမှေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်လာ၍ အသစ်တစ်ဖန်ပြန်လည်ရွှေချရန် လိုအပ်ခြင်း
(၂) ဘုရားတန်ဆောင်းကြီးမှ နေရာများစွာတွင် ရာသီဥတုဒဏ်ကြောင့် အမိုးများယိုပေါက်၍ ပျက်စီးစပြုလာသဖြင့် ပြုပြင်ရန် လိုအပ်ခြင်း။
(၃) ဂန္ဓကုဋိတိုက်ကြီး၏ ယိုယွင်းပျက်စီးနေသော အပေါ်ထည်အမိုးပိုင်းဖြစ်သည့် ထုပ်လျောက်ဒိုင်းမြား သွပ်မိုးများ ပြန်လည်ပြုပြင်ရန် လိုအပ်ခြင်း။
(၄) ဘုရားတန်ဆောင်းကြီးများ၏ နတ်လမ်းများအားလုံးယိုပေါက်နေပြီဖြစ်၍ သွပ်များ၏ အသစ်တစ်ဖန်မိုးရန် လိုအပ်ခြင်း။
(၅) ဘုရားတန်ဆောင်းတော်ကြီးအတွင်းရှိ စေတီပုထိုးများနှင့် ရုပ်ပွားတော်များကို ပြန်လည်ပြုပြင်ရန် လိုအပ်ခြင်း။
(၆) ဘုရားပရိဝုဏ်အတွင်း ရင်ပြင်တော်များအား ပြန်လည်ခင်းကျင်း ကြွေပြားကပ်ပြုပြင်ရန်လိုအပ်ခြင်း။
(၇) ဘုရားကြီး၏ ရှေ့ဘက်မျက်နှာစာအုတ်တံတိုင်းများအား ပြန်လည်ပြုပြင်ဆေးသုတ်ရန်လိုအပ်ခြင်း။

အထက်ပါပြုပြင်မွမ်းမံဆောင်ရွက်မှုများအတွက် မိဘပြည်သူတစ်ရပ်လုံး၏ သဒ္ဓါတရားနှင့် စေတနာအားအပေါ် မူတည်လျက်ရှိပါသည်။ သို့ပါ၍ စေတနာရှင်၊ အလှူရှင် မိဘပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းမှု ပြုလုပ်ပေးကြပါရန် လေးစားစွာဖြင့် နှိုးဆော်ပန်ကြားအပ်ပါသည်။

အခြားမြို့နယ်များသို့ သွားရောက်အလှူခံခြင်းမရှိပါ။

ရွှေသာလျောင်းဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းမည့် စေတနာရှင်/အလှူရှင်များသည် အောက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြောင်းမြရွှေသာလျောင်းဘုရားကြီး၏ ဂေါပကအဖွဲ့

၁။	ဦးတင်ရိန်	နာယက	အောင်ဇမ္ဗူဆီရောင်းဝယ်ရေး	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၀၃၇
၂။	ဦးတင်မြင့်	နာယက	ဥက္ကဋ္ဌ လူမှုကူညီရေးအသင်း	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၁၂၈
၃။	ဦးဝင်းဖော်	နာယက	ဥက္ကဋ္ဌ မိုးကုတ်အဖွဲ့ခွဲ(၂၆)	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၂၉၇
၄။	ဦးတင်အေး	နာယက	ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး အထက(၁)	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၂၈၅
၅။	ဦးသန်းနိုင်	ဥက္ကဋ္ဌ	ရွှေလမင်းသက်နံးတိုက်	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၁၀၇၂
၆။	ဦးစန်းလွင်	အတွင်းရေးမှူး	ဗစ်ထရီစတိုး	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၄၃၃
၇။	ဦးစိုးမြင့်	ငွေထိန်း	ကုန်သည်	(မြောင်းမြ)	ဖုန်း-၀၄၂ ၇၀၀၉၅

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)

၈။	ဦးရဲထွန်း	တွဲဖက်အတွင်းရေးမှူး	မြောင်းမြ ဒေါ်ချိုမုန့်ဟင်းခါး		ဖုန်း-၀၁-၅၄၈၅၀၁
			ရေတာရှည်လမ်းဟောင်း (ဗဟန်း)	(ရန်ကုန်)	ဖုန်း-၀၉-၈၆၁၃၆၄၄ ၅၀၉၄၉၁၁
၉။	ဒေါ်သန်းမြင့်	ဘဏ္ဍာရေးမှူး	၆၁/၆၃ ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်	(ရန်ကုန်)	ဖုန်း-၀၁ ၅၂၆၁၆၈

ဂေါပကအဖွဲ့
မြောင်းမြရွှေသာလျောင်းဘုရားကြီး

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဂေါက်သီးရိုက်ပြိုင်ပွဲ

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံတွင် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၁-၁-၂၀၁၁ရက် (သောကြာနေ့) နံနက်၁၁း၃၀ နာရီတွင် Royal Mingaladon Golf & Country Club ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ညီလာခံတက်ရောက်သော ဆရာဝန်ကိုယ်စားလှယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ၁၅-၁-၂၀၁၁ ရက်မှစ၍ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စာရင်းပေးသွင်းနိုင်သည်။

အားကစားဆပ်ကော်မတီ
(၅၇)ကြိမ်မြောက် ဆရာဝန်ညီလာခံ

၁၀-၁-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်မောင်၏ မအိအိစိုး(ခ)ဆာဒီးရား၏ ညွှန်ကြားချက်အရ ကြေညာချက်အပေါ် မှန်ကန်မှုမရှိကြောင်း အများသိစေရန် ဖြေရှင်းခြင်း

မောင်ထွန်းနေအောင် နိုင်ငံသားကတ်အမှတ် [၁၂/မဂတ(နိုင်)၀၈၄၈၃၆]၏ ညွှန်ကြားချက်အရ ဖြေရှင်းကြေညာအပ်ပါသည်။

၁။ မောင်ထွန်းနေအောင်နှင့် မအိအိစိုးတို့သည် အစ္စလာမ်တရားတော်နှင့်အညီ မဟာရ်ရွှေ(၂)ကျပ်သား လက်ငင်းပေး၍ လက်ထပ်ထိမ်းမြားခြင်းပြုခဲ့ပြီး အိမ်ထောင်ရေးနှင့်ပတ်သက်၍ မည်သည့်အပြစ်တစ်စုံတစ်ရာကိုမျှ ကျူးလွန်ဖောက်ဖျက်ခဲ့ခြင်းမရှိ၍ ထိမ်းမြားမှု ယနေ့ထက်တိုင် အတည်ဖြစ်လျက်ရှိပါသည်။

၂။ မအိအိစိုးသည် မောင်ထွန်းနေအောင် နေအိမ်တွင်မရှိသည့်အချိန် ခင်ပွန်းဖြစ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ တန်ဖိုးရှိပစ္စည်းများကို ယူဆောင်သွားကာ ထွက်သွားပြီးနောက် မှန်ကန်ခြင်းမရှိသည့် အကြောင်းကြားစာများ တရားမဝင်ပျက်ပြယ်လျက်ရှိသော ကတိသစ္စာပြုလွှာနှင့် မြွက်ဟကြေညာချက်တို့ကို မောင်ထွန်းနေအောင်ရှိသည့်နေရာသို့ ပေးပို့ခြင်းမပြုဘဲ မိခင်ဒေါ်မြစိန်နေအိမ်သို့ အကြောင်းကြားစာ ပေးပို့ခြင်းပြုခဲ့ပါသည်။ ထိုသို့ပေးပို့ရာတွင် မော်လဝီများအဖွဲ့ချုပ်ဆိုသည့် စာရွက်စာတမ်း ပူးတွဲပေးပို့ခဲ့ခြင်းမရှိပါ။ မောင်ထွန်းနေအောင်နှင့် မိခင်တို့ဘက်ကရှေ့နေများမှတစ်ဆင့် အကြောင်းကြားစာ မှန်ကန်ခြင်းမရှိကြောင်းကို ပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၃။ ၇-၁၂-၂၀၁၀ ရက်စွဲပါ အကြောင်းကြားစာနှင့် အထက်ခေါင်းစဉ်ပါသတင်းစာ ကြေညာချက်များသည် မှန်ကန်ခြင်းမရှိပါ။ သတင်းစာ၌ ကြေညာရုံမျှဖြင့် လင်ခန်းမယားခန်း ပြတ်စဲသွားမှုမရှိဘဲ ယနေ့ထက်တိုင် အကြင်လင်မယားအဖြစ် တည်ရှိနေပါ၍ အတိအကျသက်ဆိုင်မှုရှိပါကြောင်း မအိအိစိုးဘက်က တစ်ဖတ်သတ်ကွာရှင်းခြင်း Khula (ခူလာသွာလဟ်)ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။ မည်သူမဆို မောင်ထွန်းနေအောင်၏ မိခင်နေအိမ်တွင် လာရောက်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားချက်ပေးသူ
မောင်ထွန်းနေအောင်[၁၂/မဂတ(နိုင်)၀၈၄၈၃၆]

လွှဲအပ်ညွှန်ကြားချက်အရ-ဦးမြင့်သောင်း (B.Sc,D.A,RL)
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၀၄၄)

ဦးနေလင်းအောင်	**ဦးအောင်မြင့်မြတ်**
LL.B, D.B.L(စဉ်-၃၁၃၂၉)	**LL.B(စဉ်-၃၁၁၇၈)**
ဒေါ်ကျော့ကျော့ဝေ	**ဒေါ်မြတ်အိဖြူ**
LL.B, D.B.L (စဉ်-၂၄၅၆၅)	**LL.B,D.B.L, LL.M (စဉ်-၂၉၈၃၁)**

အထက်တန်းရှေ့နေများ
အမှတ်(၆၃)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့





အမည်ပြောင်း

ပြည်မြို့၊အထက(၅)နဝမတန်း (B)မှ ဦးစိုးနိုင်[၁၂/တကန(နိုင်)၀၇၄၃၄၆]၏သား မောင်ဉာဏ်ဝင်းသူအား မောင်ဉာဏ်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဉာဏ်ဝင်း**

ဖခင်အမည်မှန်

အထက(၅) ဗိုလ်တထောင်၊ Grade-7(B)မှ မဆူးမုံမုံ၏ ဖခင်အမည်မှန်မှာ ဦးသန့်စိုးထိုက် ဖြစ်ပါသည်။

ဦးသန့်စိုးထိုက်

ယတြာဆရာမ

-ဖြစ်ချင်တာတွေ မဖြစ်သေးရင်
-မဖြစ်ချင်တာတွေဘဲဖြစ်နေတယ်ဆိုရင်
-အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။
-ကိုယ်ရေးလုံခြုံမှုကို အာမခံပါတယ်။

ဖုန်း-၀၉-၅၀၇၅၈၂၇

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လက်နက်တွေကိုစွန့်ပြီး နိုင်ငံတော်က ယနေ့ဖော်ဆောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆောင်ရွက်ခြင်းသည်သာ စစ်မှန်ကောင်းမွန်တဲ့ ဒီမိုကရေစီလုပ်ဆောင်ချက်တွေပဲလို့ သဘောပေါက်နားလည်

နေပြည်တော် ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် လွိုင်လင်မြို့ လွိုင်လင်ခရိုင် အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ကြမည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် စုရပ်နေရာမှ ခရိုင်အားကစားကွင်းသို့ ချီတက်လာရာ လမ်းတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့ တပ်ဖွဲ့ဝင်တစ်ဦးက လက်နက်များအပ်နှံရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် "ကျွန်တော်တို့ ယခုလို လက်နက်စွန့်လွှတ်အပ်နှံခြင်းမှာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)နှင့် (၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။